# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး

# (၄၀)ရက်မြောက်နေ့မှတ်တမ်း

# ၁၃၇၈ ခုနှစ်၊ နယုန်လဆန်း ၂ ရက်

# (၂၀၁၆ ခုနှစ်၊ ဇွန်လ ၇ ရက်)

# (အင်္ဂါနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး(၄၀)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၄၀)ရက်မြောက်နေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့်စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမဖုံမှန်အစည်းအဝေး (၄၀)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော် အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၂၆ ဦးရှိတဲ့အနက် ၃၉၃ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့် ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၃.၆၆ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေ ထားတဲ့ အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ။** ။ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၆ ခုနှစ်၊ ဇွန်လ ၇ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၄၀)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီ အတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ခွင့်ပန်ကြားသွား မှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့ တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၂၆ ဦး ရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၉၃ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၂၃ ဦးရှိပါတယ်။ ၎င်းတို့ကတော့-

(၁) ကျောက်မဲ မဲဆန္ဒနယ်မှ ဦးစိုင်းထွန်းအောင် ခွင့် ၄ ရက်၊

(၂) နမ္မတူမဲဆန္ဒနယ်မှ ဒေါ်နန်းခမ်းအေး ခွင့် ၄ ရက်၊

(၃) ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းခင်စော ခွင့် ၁ ရက်၊

(၄) တန့်ယန်းမဲဆန္ဒနယ်မှ ဦးစိုင်းမောင်ပွင့်(ခ)ဦးအောင်ပွင့် ခွင့် ၁ ရက်၊

(၅) မူဆယ်မဲဆန္ဒနယ်မှ ဦးစိုင်းဖိုးမြတ် ခွင့် ၁ ရက်၊

(၆) မိုးနဲမဲဆန္ဒနယ်မှ ဦးစိုင်းစန်သိန်း ခွင့် ၁ ရက်၊

(၇) လဲချားမဲဆန္ဒနယ်မှ ဦးစိုင်းမွန်း ခွင့် ၁ ရက်၊

(၈) သိန္နီမဲဆန္ဒနယ်မှ ဦးစိုင်းဦးခမ်း ခွင့် ၁ ရက်၊

(၉) ပူတာအိုမဲဆန္ဒနယ်မှ ဦးမိုးရွှေ ခွင့် ၄ ရက်၊

(၁၀) မော်လိုက်မဲဆန္ဒနယ်မှ ဒေါ်ချိုချိုဝင်း ခွင့် ၄ ရက်၊

(၁၁) အမရပူရမဲဆန္ဒနယ်မှ ဦးစိုးမြင့်(ခ)ဦးအောင်ဇော်မြင့် ခွင့် ၄ ရက်၊

(၁၂) ဘောလခဲမဲဆန္ဒနယ်မှ ဦးအေးမောင် ခွင့် ၄ ရက်၊

(၁၃) မိုင်းဆတ်မဲဆန္ဒနယ်မှ ဦးစိုင်းခတ္တိယ ခွင့် ၄ ရက်၊

(၁၄) ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ဦးအာမိုးဆီ ခွင့် ၄ ရက်၊

(၁၅) မက်မန်းမဲဆန္ဒနယ်မှ ဦးတင်အေး ခွင့် ၄ ရက်၊

(၁၆) သုံးခွမဲဆန္ဒနယ်မှ ဒေါ်စုစုလွင် ခွင့် ၁ ရက်၊

(၁၇) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်ချုပ်တောက်ထွန်း ခွင့် ၁ ရက်၊

(၁၈) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်ချုပ်သန်းထွတ်သိန်း ခွင့် ၁ ရက်၊

(၁၉) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်တင်စန်းနိုင် ခွင့် ၂ ရက်၊

(၂၀) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးအောင်သီဟ ခွင့် ၂ ရက်၊

(၂၁) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးစိုင်းအိုက်လှ ခွင့် ၄ ရက်၊

(၂၂) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးထင်အောင်ကျော် ခွင့် ၄ ရက်နှင့်

(၂၃) သီပေါမဲဆန္ဒနယ်မှ ဦးစိုင်းသန့်ဇင် ခွင့် ရက် ၁ တို့ဖြစ်ကြပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၄ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၂၃ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၂၇ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ်ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၄ ဦး၊ ယနေ့ခွင့်ပြုထားသူ ၂၃ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၂၇ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်များကို ဆက်လက်ဆောင်ရွက်ပါမယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**လယ်ဝေးမြို့နယ်၊ ပေါက်မြိုင်ကျေးရွာအုပ်စုအတွင်းရှိ လယ်မြေဧက ၃၀၀၀ ကျော်အား ဆင်စာကြိုးဝိုင်း နယ်မြေအတွင်းမှ ပယ်ဖျက်ပေးရန်အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ လယ်ဝေးမဲဆန္ဒနယ်မှ ဦးမျိုးဇော်ဦး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမျိုးဇော်ဦး(လယ်ဝေးမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲ မင်္ဂလာပါ။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ လယ်ဝေးမဲဆန္ဒနယ်က ဦးမျိုးဇော်ဦးဖြစ်ပါတယ်။ မေးမြန်းလိုတဲ့ မေးခွန်းကတော့ လယ်ဝေးမြို့နယ်၊ ပေါက်မြိုင်ကျေးရွာအုပ်စု အတွင်းရှိ လယ်မြေဧက ၃၀၀၀ ကျော်အား ဆင်စာကြိုးဝိုင်း နယ်မြေအတွင်းမှ ပယ်ဖျက်ပေးရန် အစီအစဉ်ရှိ/မရှိပဲဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဖော်ပြပါ လယ်မြေဧက ၃၀၀၀

ကျော်အား လွန်ခဲ့သော နှစ်ပေါင်း ၅၀ ကျော် ဘိုးဘွားမိဘများလက်ထက်မှ သားစဉ်မြေးဆက် ဓားမ ဦးချ ခုတ်ထွင်ရှင်းလင်း လုပ်ကိုင်စားသောက်လာသော လယ်မြေများ ဖြစ်ပါတယ်။ ထိုလယ်မြေများမှ စိုက်ပျိုးထွက်ရှိခဲ့သည့် သီးနှံများကိုလည်း ခေတ်အဆက်ဆက် တာဝန်ကျေပွန်စွာ အခွန်ထမ်းပေးသွင်း ခဲ့ပါကြောင်း ဒေသခံလယ်သမားများက ဧရိယာစာရင်းများနှင့်တကွ လက်မှတ်ရေးထိုးတင်ပြလာခဲ့ ကြပါတယ်။ အဆိုပါ လယ်မြေများ၏ စိုက်ပျိုးစရိတ်ချေးငွေများကိုလည်း ၁၉၉၀ ခုနှစ်မှ ၂၀၀၉ ခုနှစ် အထိ ထုတ်ချေးပေးခဲ့သည့်အတွက် လယ်သမားများမှာ အလွန်ပင် အဆင်ပြေခဲ့ကြပါတယ်။ ၂၀၁၀ ခုနှစ်မှစ၍ ယနေ့တိုင် လယ်ယာမြေပုံစံ(၇) မထုတ်ပေးသည့်အတွက် ချေးငွေများမရရှိတော့ပါကြောင်း၊ လယ်ယာစိုက်ပျိုးရေးတစ်ခုတည်းကိုသာ မှီခိုအားထားနေရတဲ့ လယ်သမားများအနေဖြင့် အမှန် တကယ် စိုက်ပျိုးလုပ်ကိုင်နေတဲ့ လယ်ယာမြေတွေဟာ မြေပုံများပေါ်မှာ သစ်တောမြေများဖြစ်နေတဲ့ အတွက် များစွာနစ်နာဆုံးရှုံးနေရကြောင်း တင်ပြလာခဲ့ကြပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လယ်ဝေးမြို့နယ်မှာ သစ်တောကြိုးဝိုင်း ၁၁ ဝိုင်းရှိပြီး ထိုကြိုးဝိုင်းဧရိယာအတွင်း၌ လွန်ခဲ့သော နှစ်ပေါင်းများစွာကတည်းက စိုက်ပျိုးလုပ်ကိုင်နေသော လယ်ယာမြေဧကပေါင်းများစွာ ရှိကြောင်းလည်း သိရှိရပါတယ်။ သစ်တောမြေရဲ့ လက်ရှိမြေပြင် အနေအထားနှင့် မြေပုံဟာ ကွာဟလျက်ရှိနေတာကြောင့် ဒေသခံလယ်သမားများ၏ အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ပေးနိုင်ရေးအတွက် ဆောင်ရွက်ပေးမည်လားဆိုတာကို သိရှိလိုပါသဖြင့် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတာကတော့ လယ်ဝေးမြို့နယ် ပေါက်မြိုင်ကျေးရွာအုပ်စု၊ အောင်သုခ၊ ပေါင်းလောင်း၊ အင်တိုင်းသာ၊ ရွှေပြည်သာ၊ ကြို့ပင်သာ ကျေးရွာနယ်မြေများအတွင်း လွန်ခဲ့သောနှစ်ပေါင်း ၅၀ ကျော်မှ ယနေ့တိုင် သားစဉ်မြေးဆက် ဓားမဦးချ ခုတ်ထွင်ရှင်းလင်းလုပ်ကိုင် စားသောက်လာသော လယ်မြေဧက ၃၀၀၀ ကျော်အား ဆင်စာကြိုးဝိုင်းနယ်မြေအတွင်းက ပယ်ဖျက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် မည်သို့သော အကျိုးခံစား ခွင့်တို့ကို မည်သို့လျှောက်ထားလျှင် ရနိုင်ပါကြောင်း ပြည်သူများကိုယ်စား သိရှိလိုပါသဖြင့် မေးမြန်းရ ခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ** ။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

ဖြေကြားချက်

**ဦးအုန်းဝင်း(ပြည်ထောင်စုဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်များ၊ ပြည်ထောင်စုဝန်ကြီးများအား မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ဖြစ်ပါတယ်။

မန္တလေးတိုင်းဒေသကြီး၊ လယ်ဝေးမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဇော်ဦး၏ နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ ပေါက်မြိုင်ကျေးရွာအုပ်စု၊ အောင်သုခ၊ ပေါင်းလောင်း၊ အင်တိုင်းသာ၊ ရွှေပြည်သာ၊ ကြို့ပင်သာနယ်မြေများမှာ လွန်ခဲ့တဲ့ နှစ်ပေါင်း ၅၀ ကျော်မှ ယနေ့အထိ သားစဉ်မြေးဆက် ဓားမဦးချခုတ်ထွင်ရှင်းလင်းလုပ်ကိုင်ခဲ့တဲ့ လယ်မြေဧက ၃၀၀၀ ကျော်ကို ဆင်စာကြိုးဝိုင်းနယ်မြေအတွင်းက ပယ်ဖျက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် မည်သို့သော အကျိုးခံစားခွင့်များကို မည်သို့လျှောက်ထားနိုင်ကြောင်းနှင့်ပတ်သက်ပြီး ကျွန်တော် ဖြေကြားသွားမှာ ဖြစ်ပါတယ်ခင်ဗျား။ သစ်တောကြိုးဝိုင်းနှင့် ကြိုးပြင်ကာကွယ်တောများ၊ သစ်တောနယ်မြေများအတွင်းမှာ နှစ်ကာလအတိုင်းအတာတစ်ခုအထိ ကျူးကျော်အခြေချနေထိုင်တဲ့ ရွာစုနှင့် အိမ်ထောင်စုများကို သစ်တောမြေအဖြစ်ကနေပြီးတော့ ပယ်ဖျက်ပေးနိုင်ရန်အတွက် မြေပြင်စာရင်းကောက်ယူခြင်းလုပ်ငန်းများကို ၂၀-၂-၂၀၁၃ ရက်နေ့ကနေပြီးတော့ ၂၅-၃-၂၀၁၃ ရက်နေ့အထိ ဆောင်ရွက်ခဲ့ပြီး ကြိုးဝိုင်း/ကြိုးပြင်တောမြေအတွင်း နှစ်ကာလအတန်ကြာ ကျူးကျော်အခြေချခဲ့တဲ့ ရွာစု၊ အိမ်စုများနှင့် လယ်၊ ယာ၊ ဥယျာဉ်ခြံမြေ၊ ရွာမြေ၊ သာသနာ/အများပိုင်မြေများကို သစ်တောမြေအဖြစ်က လုပ်ငန်းစဉ်အဆင့်ဆင့်နဲ့ ကျွန်တော်တို့ ပယ်ဖျက်ပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်ခင်ဗျား။ နေပြည်တော်ကောင်စီနယ်မြေအတွင်းမှာရှိတဲ့ တည်ဆောက်ရေးလုပ်ငန်းများမှာ အလုပ်လုပ်ကိုင်နေကြတဲ့ ဒေသများကနေပြီးတော့ လုပ်သားများဟာ သစ်တောကြိုးဝိုင်းအတွင်း ယာယီအစီအစဉ်နဲ့ နေထိုင်ရာကနေပြီးတော့ လုပ်ငန်းများပြီးစီးသော်လည်းပဲ ဆက်လက်အခြေချနေထိုင်လာခြင်း၊ မြေတန်ဖိုးမြင့်တက်လာခြင်းစတဲ့ အခြေအနေအရ ကြိုးဝိုင်းသစ်တောများအတွင်းမှာ နေအိမ်များ မတရားတိုးချဲ့တည်ဆောက်ခြင်းစတဲ့ ပြဿနာများအပေါ်မှာ အခြေခံပြီးတော့ နေပြည်တော်ကောင်စီကနေပြီးတော့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၁၁/၂၀၁၃) ဆုံးဖြတ်ချက်အပိုဒ် ၂၅ အရ စာရင်းကောက်ယူမှုကို ရပ်ဆိုင်းသွားရန်နှင့် ကျူးကျော်နေထိုင်မှု ၁၀ နှစ်အထက်သက်တမ်းရှိသူများကိုသာ ထည့်သွင်းစဉ်းစား ရမည်

ဖြစ်ပြီးတော့ ထပ်မံကျူးကျော်သူများအား ဖျက်သိမ်းခြင်းမရှိပါက ဥပဒေနှင့်အညီ တရားစွဲဆိုသွားမည်ဟု ဆုံးဖြတ်ချက်ချမှတ်ခဲ့တဲ့အတွက်ကြောင့်မို့လို့ နေပြည်တော်ကောင်စီ မြို့နယ်ရှစ်မြို့နယ် ကြိုးဝိုင်း/ကြိုးပြင် ကာကွယ်တောအတွင်း ကျူးကျော်ရွာစုနှင့် အိမ်ထောင်စုများကို စာရင်းကောက်ယူခြင်းလုပ်ငန်းများကို ကျွန်တော်တို့ ခေတ္တရပ်ဆိုင်းထားခဲ့ရပါတယ်။ လက်ရှိ အစိုးရလက်ထက်မှာလည်း နေပြည်တော်ကောင်စီအတွင်းရှိ သစ်တောနယ်မြေအတွင်းမှာ နှစ်ကာလကြာရှည်စွာ ကျူးကျော်အခြေချနေထိုင်သူများအတွက် ပထမအဆင့်အနေဖြင့် ပြည်ထဲရေးအမည်ပေါက် အိမ်ခြေ ၅၀ နှင့်အထက် ကျေးရွာများရဲ့ ရွာမြေ၊ လယ်မြေ၊ သာသနာပိုင်မြေ ပယ်ဖျက်ပေးနိုင်ရန်အတွက် အဖွဲ့စုံဖြင့်ကောက်ယူခဲ့သည့် စာရင်းများတင်ပြရန်ဟုဆိုပြီးတော့ နေပြည်တော်ကောင်စီရဲ့ ၂၁-၄-၂၀၁၆ ရက်နေ့မှာ ကျင်းပတဲ့အစည်းအဝေးဆုံးဖြတ်ချက်အရ ပြည်ထဲရေးအမည်ပေါက် ၅၁ ရွာအတွက် ပထမအဆင့် ပယ်ဖျက်ခွင့်ရရှိရေးနှင့် စာရင်းကောက်ယူရန် ကျန်ရှိတဲ့ အိမ်ခြေ ၅၀ နှင့်အထက် ကျေးရွာများအတွက် ပူးပေါင်းအဖွဲ့ဖြင့် စာရင်းကောက်ယူရန်အတွက် စီစဉ်လျက်ရှိပါတယ်ခင်ဗျား။

လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းပါ ကျေးရွာငါးရွာအနက် အောင်သုခကျေးရွာ တစ်ခုတည်းသာ ပြည်ထဲရေးအမည်ပေါက် ၅၁ ရွာ စာရင်းမှာ ပါဝင်ပါတယ်ခင်ဗျား။ ပေါင်းလောင်း၊ အင်တိုင်းသာ၊ ရွှေပြည်သာကျေးရွာ သုံးရွာကတော့ စာရင်းကောက်ယူရန် ကျန်တဲ့ အိမ်ခြေ ၅၀ နှင့်အထက် ပြည်ထဲရေးအမည်ပေါက် စာရင်းထဲမှာပါဝင်ပြီးတော့ ကြို့ပင်သာကျေးရွာကတော့ သစ်တောနယ်မြေအတွင်း ပါဝင်ခြင်းမရှိကြောင်းကို စိစစ်တွေ့ရှိရပါတယ်။ ဒါကြောင့်မို့ နေပြည်တော်ကောင်စီနယ်မြေမှာရှိတဲ့ ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောများအတွင်း နှစ်ကာလအတန်ကြာ ကျူးကျော်အခြေချနေထိုင်တဲ့ ပြည်ထဲရေးအမည်ပေါက် ကျေးရွာ ၅၁ ရွာရဲ့ ရွာမြေ၊ လယ်မြေ၊ သာသနာပိုင်မြေ၊ အများပိုင်မြေတွေကို သစ်တောနယ်မြေအတွင်းကနေပြီးတော့ လုပ်ထုံးလုပ်နည်းနှင့်အညီ ပယ်ဖျက်ပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်းနှင့် ပေါင်းလောင်း၊ အင်တိုင်းသာ၊ ရွှေပြည်သာ အပါအဝင် ကျန်ရှိကျေးရွာများအတွက် စာရင်းကောက်ယူပြီးပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်စိစစ်ပယ်ဖျက်ပေးသွားမှာ ဖြစ်ပါတယ်။ ကြို့ပင်သာရွာကတော့ သစ်တောနယ်မြေအတွင်းမှာ ပါဝင်ခြင်းမရှိတဲ့အတွက်ကြောင့်မို့လို့ သက်ဆိုင်ရာဝန်ကြီးဌာနမှသာ ဆောင်ရွက်ပေးနိုင်မှာ ဖြစ်ပါတယ်။

သစ်တောနယ်မြေအဖြစ်မှ ပယ်ဖျက်ပြီးပါက ရွာမြေများဖွဲ့စည်းခြင်း၊ လယ်မြေများ လုပ်ကိုင်ခွင့် လက်မှတ်ထုတ်ပေးခြင်းတို့ကို သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးကနေပြီးတော့ ဆက်လက်စီစဉ် ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**သနပ်ပင်မြို့နယ်ရှိ ကျေးရွာများအား ကျေးလက်ဒေသဖွံ့ဖြိုးရေး ချေးငွေအမြန်ဆုံးရရှိရေး ဆောင်ရွက် ပေးရန်နှင့် လျှပ်စစ်မီးလင်းရေး ကုန်ကျစရိတ်ထက်ဝက်(၅၀ ရာခိုင်နှုန်း)ကို နိုင်ငံတော်မှကျခံပေးနိုင် ခြင်းရှိ/မရှိတို့နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးမြင့်ဦး(သနပ်ပင်မဲဆန္ဒနယ်)။** ။ အားလုံးပဲမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦး ဖြစ်ပါတယ်။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ဟာဒီမေးခွန်းကို ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်အစည်းအဝေးမှာလည်း ကြယ်ပွင့်မပြမေးခွန်း မေးမြန်းခဲ့ပါတယ်။ ဆောင်ရွက် ခြင်းမရှိသေးတဲ့အတွက် ထပ်မံပြီးတော့ မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျွန်တော့်မဲဆန္ဒနယ်ဖြစ်တဲ့ သနပ်ပင်မြို့နယ်က ဥဿကန်ကျွန်း၊ ခလပ်၊ ကသဲကုန်း၊ ကမာဖရန်၊ ရေတံခါးတာဝ၊ ကုန်းတန်း ကျေးရွာတွေမှာ ကိုယ့်အားကိုယ်ကိုးလျှပ်စစ်မီးလင်းနေတာ လအတန်ကြာရှိသည်ဖြစ်ပါတယ်။ ကိုယ့်အားကိုယ်ကိုးဆောင်ရွက်ကြတာဟာ ကျေးလက်နေပြည်သူများက အဆင်ပြေကြလို့မဟုတ်ပါ။ မရှိရှိတာကို ပေါင်နှံရောင်းချပြီးလုပ်ကြရတာဖြစ်ပါတယ်။ ကျေးလက်ဘဏ်ချေးငွေ ၅၀ ရာခိုင်နှုန်းနှင့် နိုင်ငံတော်က ကျခံပေးတဲ့ ၅၀ ရာခိုင်နှုန်းကို မျှော်ပြီးလုပ်ကြတာပါ။ ကိုယ့်ရှေ့ကမီးလင်းခဲ့တဲ့ကျေးရွာ တွေကို ကုန်ကျငွေရဲ့ ၅၀ ရာခိုင်နှုန်းကို ကျေးလက်ဘဏ်က ချေးပေးပြီး၊ မကြာခင်မှာပဲ ကျေးလက် ဦးစီးဌာနကပဲ ပြန်ဆပ်ပေးခဲ့တာကိုလည်း ရိုးသားစွာမျှော်လင့်ခဲ့ကြတာပါ။ အခုလို ချေးငွေရရှိမှု ကြန့်ကြာနေတာကြောင့် ပြင်ပက ချေးယူထားတဲ့ ငွေကြေးများအပေါ်မှာ အတိုးကြီးတနင့်တပိုးပေးဆပ် နေကြရပါတယ်။ အိမ်ခြံမြေနှင့် လယ်ယာမြေအချို့ပါ အသိမ်းခံရမယ့်၊ တရားရင်ဆိုင်ရမယ့်အဖြစ်များနဲ့ ကြုံနေကြရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးရရှိရေးအတွက် ကျေးရွာရှိအိမ်ထောင်စု တစ်စုကို ကျပ်ငါးသိန်း၊ ခြောက်သိန်း ထည့်ဝင်ကြရပါတယ်။ ကျေးရွာမှာ လျှပ်စစ်မီးရတယ်ဆိုသော်

လည်း အဲဒီ ငွေကြေးမထည့်ဝင်နိုင်သူတွေအတွက်တော့ ဖယောင်းတိုင်နဲ့မီးခွက်ပဲ ဆက်ပြီးတော့ အားကိုးနေကြရဆဲပါ။ ဥပမာ- ကျေးရွာမှာ အိမ်ထောင်စု ၅၀၀ ရှိရန် ကျသင့်ငွေထည့်ဝင်နိုင်သည့် အိမ်ထောင်စုက ၁၅၀၊ ၂၀၀ ထက်မပိုပါဘူး။ ဆင်းရဲချို့တဲ့တဲ့၊ ငွေကြေးမထည့်ဝင်နိုင်တဲ့ အိမ်ထောင်စု များအတွက်လည်း အနည်းဆုံးတစ်အိမ်ကို မီးတစ်ပွင့်လင်းနိုင်ရေးကို အထူးစဉ်းစားပေးသင့်ပါတယ်။ ဒါမှသာ အမှန်တကယ်ဆင်းရဲမှုလျှော့ချနိုင်မှာဖြစ်တယ်လို့ ယူဆပါတယ်။

ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော်မေးလိုတဲ့မေးခွန်းကတော့ သနပ်ပင်မြို့နယ်မှာ ကိုယ်ထူကိုယ်ထ ကျေးလက်မီးလင်းရေးဆောင်ရွက်သော ဉာဏ်ကျွန်း၊ ခလပ်၊ ကသဲကုန်း၊ ကမာဖရန်၊ ရေတံခါး တာ၀၊ ကုန်းတန်းနဲ့ ကျိုက်ပဒိုင်လေးကျေးရွာများအား ကျေးလက်ဒေသဖွံ့ဖြိုးရေးချေးငွေများ အမြန်ဆုံး ရရှိရေးနှင့် လျှပ်စစ်မီးလင်းရေးကုန်ကျစရိတ်၏ထက်ဝက် ၅၀ ရာခိုင်နှုန်းကို နိုင်ငံတော်က ကျခံပေးနိုင် ခြင်းရှိ/မရှိ မဲဆန္ဒရှင်ပြည်သူများကိုယ်စား မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဖေဇင်ထွန်း(ပြည်ထောင်စုဝန်ကြီး၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန)**။ ။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာ အပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ပဲခူးတိုင်း ဒေသကြီး၊ သနပ်ပင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦးမှ ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ်ရှိ ကိုယ်အားကိုယ်ကိုးကျေးလက်မီးလင်းရေးဆောင်ရွက်သော ဉာဏ်ကျွန်း၊ ခလပ်၊ ကသဲကုန်း၊ ကမာဖရန်၊ ရေတံခါးတာ၀၊ ကုန်းတန်းနှင့် ကျိုက်ပဒိုင်းလေး ကျေးရွာများအား ကျေးရွာများ အား ကျေးလက်ဒေသဖွံ့ဖြိုးရေးချေးငွေ အမြန်ဆုံးရရှိရေး ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် ယင်းဖော်ပြပါ ကျေးရွာများ၏ လျှပ်စစ်မီးလင်းရေး ကုန်ကျစရိတ်ထက်ဝက်(၅၀ ရာခိုင်နှုန်း)ကို နိုင်ငံတော်မှ ကျခံပေးနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ ကျွန်တော် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဖေဇင်ထွန်းက ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

၂၀၃၀ ခုနှစ်တွင် မြန်မာနိုင်ငံအတွင်းဒေသများအားလုံး လျှပ်စစ်ဓာတ်အားအပြည့်အဝရရှိစေ ရန် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံချက်ကို ကမ္ဘာ့ဘဏ်နှင့် ပူးပေါင်းရေးဆွဲခဲ့ပြီး လျှပ်စစ်နှင့်

စွမ်းအင်ဝန်ကြီးဌာနက မဟာဓာတ်အားလိုင်း(National Grid)မှတစ်ဆင့် တိုးချဲ့ဓာတ်အားပေးခြင်းကိုလည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့ မဟာဓာတ်အားလိုင်းပြင်ပစနစ်(Off-Grid) မှ ဓာတ်အားပေးခြင်းကိုလည်းကောင်း ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ ကမ္ဘာ့ဘဏ်ရဲ့ချေးငွေဖြင့် ကျေးရွာများလျှပ်စစ်ဓာတ်အား ဖြန့်ဖြူးနိုင်ဖို့ ဆောင်ရွက်နေတာနှင့် တစ်ပြိုင်နက် ပြည်ထောင်စုဘတ်ဂျက်၊ တိုင်းဒေသကြီး/ပြည်နယ်ဘတ်ဂျက်များဖြင့်လည်း ဓာတ်အားဖြန့်ဖြူးနိုင်ရန် ဆောင်ရွက်လျက်ရှိပါတယ်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှလည်း ပဲခူးတိုင်းဒေသကြီးအတွင်း ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၄၁၇၄.၂၁ သန်းနဲ့ လျှပ်စစ်မီးသွယ်တန်းခြင်းကျေးရွာ ၈၀ ရွာ၊ ဆိုလာစနစ်နဲ့ ကျေးရွာ ၂၂၂ ရွာ စုစုပေါင်း ကျေးရွာ ၃၀၂ ရွာတို့အတွက် ဘဏ္ဍာငွေခွင့်ပြုခဲ့ပြီးဖြစ်ပါတယ်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ငွေလုံးငွေရင်းရန်ပုံငွေနဲ့ ဆောင်ရွက်ပေးခဲ့ရာမှာ သနပ်ပင်မြို့နယ်အတွင်း ဆိုလာစနစ်ဖြင့် ကျားချောင်း၊ ကုလားချောင်းကြီး၊ ကွဲဖြူချောင်းကျေးရွာသုံးရွာ အိမ်ခြေ ၄၆၄ အိမ်နဲ့ လျှပ်စစ်မီးသွယ်တန်းခြင်းဖြင့် ကျေးရွာ ငါးရွာ ဖရဲ၊ ကမာဘာ၊ ကမာစဲ၊ တာဝရေတံခါး၊ ကလိုင်ကျေးရွာ စုစုပေါင်း ရှစ်ရွာအား ငွေအားဖြင့် ၃၃၂.၅၆၈ သန်းတို့ဖြင့် ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ပါတယ်။

ယခု မေးမြန်းလာသော ကိုယ့်အားကိုယ်ကိုးကျေးလက်မီးလင်းရေး ဆောင်ရွက်နေသော ဉာဏ်ကျွန်း၊ ခလပ်၊ ကသဲကုန်း၊ ကမာဖရန်၊ ရေတံခါးတာဝ၊ ကုန်းတန်းနဲ့ ကျိုက်ပဒိုင်လေးကျေးရွာများအား ကျေးလက်ဒေသဖွံ့ဖြိုးရေးချေးငွေ အမြန်ဆုံးရရှိရေးမေးမြန်းချက်နဲ့ ပတ်သက်ပြီး ကျေးလက်ဖွံ့ဖြိုးရေးဘဏ်မှာ  ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ကွပ်ကဲမှုအောက်မှာ မရှိတော့ပါသဖြင့် ချေးငွေရရှိရေးဆောင်ရွက်ပေးရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့ ကျခံပေးနိုင်ခြင်းမရှိပါကြောင်းနှင့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ဓာတ်အားမရရှိသေးတဲ့ကျေးရွာများကို စီမံကိန်းအဆင့်လိုက် ဓာတ်အားရရှိရေးဆောင်ရွက်နေရပါ၍ ကိုယ်အားကိုယ်ကိုး အစီအစဉ်ဖြင့် မီးလင်းရေးဆောင်ရွက်တဲ့ကျေးရွာများအတွက် နည်းပညာဆိုင်ရာ လိုအပ်ချက်များရှိပါက ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဦးမြင့်ဦး(သနပ်ပင်မဲဆန္ဒနယ်)**။ ။ တစ်ဆက်တစ်စပ်တည်းမေးခွန်းမေးမြန်းခွင့်ပြုပါ။ ဝန်ကြီးကနေပြီးတော့ ပြည့်ပြည့်စုံစုံရှင်းလင်းပေးတဲ့အတွက် အင်မတန်ပဲ ကျေးဇူးတင်ရှိပါတယ်။ သို့သော်လည်း ကျွန်တော်တို့ ကျေးလက်မီးလင်းရေးစီမံချက်ကို ပြည်သူလူထုရော၊ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များပါ ရှင်းရှင်းလင်းလင်းမသိဘူးဖြစ်နေပါတယ်ခင်ဗျား။ ကျွန်တော်သိချင်တာကတော့ နှစ်မိုင်အတွင်းမှာရှိတဲ့ကျေးရွာတွေကို နိုင်ငံတော်အစိုးရက လုံးဝတာဝန်ယူပြီးတော့ မီးလင်းအောင်ဆောင်ရွက်ပေးမှာလား။ ဒီနှစ်မိုင်ထက်ကျော်တဲ့ ကျေးရွာတွေကိုရော ဘယ်လိုလုပ်ပေးမယ့်အစီအစဉ်ရှိပါသလဲ။ တချို့ကပြောတာက ရွာထိပ်အထိ လျှပ်စစ်တိုင်တွေနဲ့ ကြိုးကိုသွယ်တန်းပေးမယ်။ ထရန်စဖော်မာနဲ့ ရွာတွင်းကိုတော့ ကျေးရွာကကျခံရမယ်လို့ သိနေပါတယ်။ နောက်ပြီးတော့ အရင်ကျေးရွာတွေကို နိုင်ငံတော်က ကျခံပြီးတော့၊ စိုက်ပြီးတော့ ၅၀ ရာခိုင်နှုန်းထိ သွင်းပေးခဲ့တာရှိပါတယ်။ အခု ကျွန်တော်တို့ ကိုယ်ထူကိုယ်ထမီးလင်းရေးလုပ်တဲ့အခါမှာလည်း အဲဒီနိုင်ငံတော်ကနေပြီးတော့ ၅၀ ရာခိုင်နှုန်းပေးသွင်းတာကို ကျွန်တော်တို့က မျှော်ပြီးတော့ ကျွန်တော်တို့ ချေးငွေတွေပြင်ပကနေပြီး ချေးပြီးတော့ သုံးခဲ့တာဖြစ်ပါတယ်။ တကယ်လို့ မပေးနိုင်ဘူးဆိုရင်လည်း အဲဒီကတည်းက ရှင်းရှင်းလင်းလင်းကျေးရွာသူကျေးရွာသားတွေကို ပြောထားခဲ့မယ်ဆိုရင် အခုလို အကြွေး ဒုက္ခကို ကျွန်တော်တို့ ကြုံရမှာမဟုတ်ပါဘူး။ ဒါကြောင့် ကိုယ်ထူကိုယ်ထမီးလင်းရေးနဲ့ ပတ်သက်လို့ ပဲဖြစ်ဖြစ်၊ ကျေးရွာနှစ်မိုင်အတွင်း မီးလင်းရေးနဲ့ ပတ်သက်လို့ပဲဖြစ်ဖြစ်၊ နှစ်မိုင်ထက်ကျော်တဲ့ ကျေးရွာတွေ မီးလင်းရေးနဲ့ ပတ်သက်လို့ပဲဖြစ်ဖြစ် ပြည်သူလူထုတစ်ရပ်လုံးက ရှင်းရှင်းလင်းလင်းသိ အောင် ထပ်မံပြီးတော့ ရှင်းလင်းပြပေးဖို့ မေတ္တာရပ်ခံပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဦးဖေဇင်ထွန်း(ပြည်ထောင်စုဝန်ကြီး၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန)**။ ။ လွှတ်တော် ကိုယ်စားလှယ်ရဲ့မေးမြန်းချက်နှင့်ပတ်သက်ပြီးတော့ ကျွန်တော် ဒီမှာလာဖြေတဲ့အခါမှာ ပြီးခဲ့တဲ့ဟာတွေမှာလည်း ဖော်ပြပြီးဖြစ်ပါတယ်။ မဟာဓာတ်အားလိုင်းနဲ့ နှစ်မိုင်အကွာမှာရှိတဲ့ ကျေးရွာများ မီးလင်းရေးအတွက် ကျွန်တော်တို့ ကမ္ဘာ့ဘဏ်ချေးငွေအထောက်အပံ့နဲ့ 33/11 KV လိုင်း ထရန်စဖော်မာ တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးတာဖြစ်ပါတယ်။ ကျေးရွာများ ကိုယ့်အားကိုယ်ကိုးနဲ့ မီးလင်းရေးအတွက်ကတော့ သက်ဆိုင်ရာတိုင်းဒေသကြီးများရဲ့ ဘတ်ဂျက်နဲ့ ကျွန်တော်တို့ ကျေးလက်ဦးစီးဌာနရဲ့ ဘတ်ဂျက်ရရှိမှု၊ နောက် Developer အထောက်အပံ့နဲ့ ဆောင်ရွက်ဖို့ဖြစ်ပါတယ်။ အဲဒီတော့ နှစ်မိုင်အထိ ကျွန်တော်တို့က မိန်းလိုင်းကနေပြီးတော့ မဟာဓာတ်အားလိုင်းနဲ့ သွယ်တန်းပေးပါတယ်။ Step Down ထရန်စဖော်မာတစ်ခု တည်ပေးပါတယ်။

အဲဒီနေရာအထိ ၄၀၀ ဓာတ်အားလိုင်းနဲ့ မိမိဒေသကျေးရွာမီးလင်းရေးအတွက်ကိုတော့ သက်ဆိုင်ရာကျေးလက် ကိုယ့်အားကိုယ်ကိုးမီးလင်းရေးကော်မတီများဖြင့် အဲဒီအတိုင်းဆောင်ရွက်ကြတာ တွေ့ရှိရပါတယ်။ ဒါ Phase 1 ပါ။ Phase 1ကို နှစ်နှစ်အတွင်း အပြီးဆောင်ရွက်မှာ ဖြစ်ပါတယ်။ Phase 2 ကတော့ ကျွန်တော်တို့ ဒီနှစ်ရယ်၊ နောက်နှစ်ရယ်ပြီးတဲ့ တတိယနှစ်မှာ ငါးမိုင်ကို ကျွန်တော် တို့ ဆက်သွားမှာဖြစ်ပါတယ်။ အဲဒီလို ကျွန်တော်တို့ Phase 1၊ Phase 2 ပြီးတဲ့အခါမှာ ၁၀ မိုင်ကို ကျွန်တော်တို့ ဆက်သွားပါမယ်။ ငါးမိုင်၊ ၁၀ မိုင်။ ပြီးတဲ့အခါမှာမှ ကျွန်တော်တို့ ထရန်စဖော်မာကြီးတွေ ပြန်လည်တပ်ဆင်ခြင်းလုပ်ငန်းကိုလည်း ကမ္ဘာ့ဘဏ်နဲ့ ညှိနှိုင်းဆောင်ရွက်ပြီးဖြစ်တဲ့အတွက် ကျွန်တော်တို့ရဲ့ စီမံချက်က အဲဒီအတိုင်းဖြစ်ကြောင်း ကျွန်တော် ရှင်းလင်း ဖြေကြားလိုပါတယ်။ အဲဒီတော့ ကိုယ့်အားကိုယ်ကိုးမီးလင်းရေးကိစ္စနှင့် ပတ်သက်ပြီးတော့ ကျွန်တော်တို့ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေနဲ့ကတော့ သက်ဆိုင်ရာကျေးရွာများရဲ့ လိုအပ်တဲ့ နည်းပညာပိုင်းဆိုင်ရာကိုတော့ ဆက်လက်ထောက်ပံ့ကူညီပေးပြီးဆောင်ရွက်ပေးတာဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ မေးခွန်းရှင်အနေနဲ့ ကိုယ့်ရဲ့မေးခွန်းဟာ အခြေအနေ၊ အချိန်အခါနဲ့ ကိုက်လား၊ မကိုက်လား သတိပြုဖို့လိုပါတယ်။ ခုနက တစ်ဆက်တစ်စပ်တည်းမေးတဲ့မေးခွန်းကို နားထောင်လိုက်တဲ့အခါကျတော့ ပြီးခဲ့တဲ့ကာလက ဖြစ်ပျက်ခဲ့တဲ့၊ ပြီးခဲ့တဲ့ကာလက မရှင်းလင်းခဲ့တဲ့၊ ပြည်သူလူထု ရှင်းရှင်းလင်းလင်းသိအောင် မပြောခဲ့တဲ့ဟာကို အခုကာလမှာ လာမေးတာကတော့ ဆက်စပ်ခြင်း၊ မဆက်စပ်ခြင်း ကိုယ့်မေးခွန်းကို ဦးစွာသုံးသပ်ဖို့လိုပါတယ်။ ဒါကို ကျွန်တော်တို့ မေးခွန်းတိုင်း၊ အဆိုတိုင်းသတိပြုဖို့လိုပါတယ်။ ပြီးခဲ့တဲ့ကာလက မရှင်းလင်းခဲ့တာ၊ ပြီးခဲ့တဲ့ကာလက မလုပ်ခဲ့တဲ့ဟာကို အခုလက်ရှိတာဝန်ရှိတဲ့သူအပေါ်မှာ ဒီမေးခွန်းသွားမေးတော့ ကိုယ့်ရဲ့မေးခွန်းကို ဘယ်လိုလုပ်ပြီးတော့ အကျိုးအာနိသင်ရှိမှာလဲ။ အဲဒါလေးတွေကို ကျွန်တော်တို့ သတိပြုဖို့လိုပါတယ်။

**မင်းတပ်မြို့နယ်အတွက် ၆၆ KV ဓာတ်အားလိုင်းစီမံကိန်းမှ လျှပ်စစ်မီးရရှိရေးနှင့် မင်းတပ်မြို့ပေါ်တွင်သာမကဘဲ ကျေးရွာများကိုပါ လျှပ်စစ်မီးရရှိစေရန် ဓာတ်အားလိုင်း ဖြန့်ဖြူးသွားရန်အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ မင်းတပ်မဲဆန္ဒနယ်မှ ဦးနေလင်းအောင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးနေလင်းအောင်(မင်းတပ်မဲဆန္ဒနယ်)။** ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး

မင်္ဂလာပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သပါရစေ။ ကျွန်တော်ကတော့ ချင်းပြည်နယ်၊ မင်းတပ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေလင်းအောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မင်းတပ်မြို့နယ်အတွက် မဟာဓာတ်အားလိုင်းနှင့်ချိတ်ဆက်နိုင်ရန် ဆောင်ရွက်လျက်ရှိတဲ့ ၆၆ KV ပေါက်-မင်းတပ်ဓာတ်အားလိုင်း စီမံကိန်းနှင့်ပတ်သက်ပြီးတော့ မေးခွန်းများမေးမြန်းသွားမှာဖြစ်ပါတယ်ခင်ဗျာ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တိုင်းပြည်တစ်ပြည် ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် လျှပ်စစ်ကဏ္ဍဟာ အလွန်ပင်အရေးကြီးတဲ့အတွက်ကြောင့် နိုင်ငံတော်အစိုးရအနေနဲ့ အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရပါတယ်ခင်ဗျာ။ ကျွန်တော်တို့ မင်းတပ်မြို့နယ်အတွက်လည်း ၆၆ KV ဓာတ်အားလိုင်းစီမံကိန်းမှ လျှပ်စစ်မီးရရှိဖို့ရန်အတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှစတင်ပြီးတော့ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ ကြီးကြပ်မှုအောက်ကနေပြီးတော့ ခင်မောင်ညွန့်ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်နေတယ်လို့ သိရှိရပါတယ်ခင်ဗျာ။ ကျွန်တော်တို့ မင်းတပ်မြို့နယ်အတွက် ၆၆ KV ဓာတ်အားလိုင်းစီမံကိန်း ရရှိဖို့ရန်အတွက် မင်းတပ်မြို့နယ်ရှိ ပြည်သူများကလည်း အလွန်ပင် ဝမ်းသာပီတိဖြစ်ခဲ့ရပါတယ်ခင်ဗျား။ သို့ပေမယ့်လည်း ယနေ့အချိန်အထိ လျှပ်စစ်မီးမရရှိသေးတဲ့အတွက် မင်းတပ်မြို့နယ်ရှိ မဲဆန္ဒရှင်ပြည်သူများမှ အလွန်ပင်စိတ်မကောင်းဖြစ်နေကြရပါတယ်။ သကြ္ကန်ကာလ လွှတ်တော်နားရက်မှာ ကျွန်တော်အပါအဝင် လွှတ်တော်ကိုယ်စားလှယ်များနှင့် မဲဆန္ဒရှင်ပြည်သူများ တွေ့ဆုံပွဲမှာ မဲဆန္ဒရှင်များမှ မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီး မည်သည့်အတွက်ကြောင့် မရရှိသည့်ကို မေးမြန်းတဲ့အခါမှာလည်း ပြန်လည်ဖြေကြားနိုင်ခြင်းမရှိခဲ့ပါဘူးခင်ဗျာ။ သို့ဖြစ်ပါ၍ မဲဆန္ဒရှင်ပြည်သူများကိုယ်စား မေးမြန်းလိုသည်မှာ (၁) မင်းတပ်မြို့နယ်အတွက် ၆၆ KV ဓာတ်အားလိုင်းစီမံကိန်းမှ လျှပ်စစ်မီးရရှိရန် မည်သည့်အချိန်တွင် ပြီးစီးအောင်ဆောင်ရွက်နိုင်ပါမည်နည်း။ (၂) တင်ဒါခေါ်ယူစဉ်က ဆောင်ရွက်ခဲ့တဲ့ကုမ္ပဏီဟာ သတ်မှတ်ချိန်အတွင်းမှာ ၎င်းစီမံကိန်းကို ပြီးစီးအောင် ဆောင်ရွက်နိုင်မှုရှိပါသလား။ ဆောင်ရွက်နိုင်ခြင်းမရှိပါက မည်သည့်အတွက်ကြောင့်ဆိုတာကို သိရှိလိုပါတယ်။ (၃) ၎င်းစီမံကိန်းမှရရှိလာသော လျှပ်စစ်မီးကို မင်းတပ်မြို့ပေါ်တွင်သာမကဘဲ မင်းတပ်မြို့နယ်အတွင်းရှိ ကျေးရွာများကိုပါ လျှပ်စစ်မီးရရှိစေရန် ဓာတ်အားလိုင်းဖြန့်ဖြူးသွားဖို့ အစီအစဉ်ရှိ/မရှိကို မဲဆန္ဒရှင်ပြည်သူများကိုယ်စား သိရှိလိုပါ၍ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

ဖြေကြားချက်

**ဦးဖေဇင်ထွန်း(ပြည်ထောင်စုဝန်ကြီး၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အားလုံးခင်ဗျား။ ချင်းပြည်နယ်၊ မင်းတပ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေလင်းအောင်ရဲ့ မင်းတပ်မြို့အတွက် ၆၆ KV ဓာတ်အားလိုင်းစီမံကိန်းမှ လျှပ်စစ်မီးရရှိရန် မည်သည့်အချိန်တွင် ပြီးစီးအောင် ဆောင်ရွက်နိုင်ပါမည်။ တင်ဒါခေါ်ယူစဉ်က ဆောင်ရွက်ခဲ့သော ကုမ္ပဏီသည် သတ်မှတ်အချိန်အတွင်း ၎င်းစီမံကိန်းပြီးစီးအောင် ဆောင်ရွက်နိုင်မှုရှိပါသလား၊ မရှိပါက မည်သည့်အတွက်ကြောင့်ဆိုသည်ကို ၎င်းစီမံကိန်းမှရရှိလာသော လျှပ်စစ်မီးကို မင်းတပ်မြို့ပေါ်တွင်သာမက မင်းတပ်မြို့နယ်အတွင်းရှိ ကျေးရွာများကိုပါ လျှပ်စစ်မီးရရှိစေရန် ဓာတ်အားလိုင်းဖြန့်ဖြူးသွားရန် အစီအစဉ်ရှိ/မရှိကို သိရှိလို ခြင်းနှင့်စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်းအပေါ် ကျွန်တော် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဖြေကြားသွားမှာဖြစ်ပါတယ်။ ချင်းပြည်နယ်၊ မင်းတပ်မြို့ကို လျှပ်စစ် ဓာတ်အားဖြန့်ဖြူးနိုင်ဖို့ ပေါက်-မင်းတပ် ၆၆ KV ဓာတ်အားလိုင်းနဲ့ ဓာတ်အားခွဲရုံစီမံကိန်းအား ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှာ Turnkey တင်ဒါနဲ့ ခေါ်ဆိုခဲ့ပြီး ပေါက်-မင်းတပ် ဓာတ်အားလိုင်းစီမံကိန်းအား ခင်မောင်ညွန့်ကုမ္ပဏီမှ လည်းကောင်း၊ မင်းတပ်ဓာတ်အားခွဲရုံစီမံကိန်းအား တိုင်းရင်းသားပိုင် National Energy Group Construction (NEGC) ကုမ္ပဏီမှလည်းကောင်း တင်ဒါအောင်မြင်ပြီး စာချုပ်ချုပ်ဆိုခဲ့ပါတယ်။

ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ပေါက်-မင်းတပ်သို့ ဆက်သွယ်ထားတဲ့ကားလမ်းအကျယ်အား တိုးချဲ့တည်ဆောက်ရာတွင် လမ်းဧရိယာနှင့် မလွတ်ကင်းသောဓာတ်အားလိုင်း လမ်းအူကြောင်းအား ပြန်လည်တိုင်းတာပြင်ဆင်ရခြင်း၊ ယခင်တိုင်းတာထားတဲ့လိုင်းအူကြောင်းအရ တည်ဆောက်ထားခြင်းမရှိသေးတဲ့အိမ်များမှ ဓာတ်အားလိုင်းတည်ဆောက်ချိန်တွင် တည်ရှိလာ၍ လိုင်းအူကြောင်းပြောင်းလဲရခြင်း စသည်တို့ကြောင့် မူလက တာဝါတိုင် ၁၀ တိုင်သာဖြစ်သော်လည်း တာဝါတိုင် ၂၁ တိုင်အထိ ထပ်တိုးဆောက်ရွက်ရခြင်း၊ မြေယာနှင့် သီးနှံလျော်ကြေးကိစ္စရပ်များအား ဒေသခံများရဲ့ကန့်ကွက်မှုများကြောင့် ဓာတ်အားလိုင်းတည်ဆောက်ရေးလုပ်ငန်းများအား ရပ်နားထားရပါသဖြင့် အချိန်ကြန့်ကြာခဲ့ရခြင်းဖြစ်ပါတယ်။ ယခုအခါ ၆၆ KV ပေါက်-မင်းတပ်ဓာတ်အားလိုင်းမှာ ၈၀ ရာခိုင်နှုန်းနှင့် မင်းတပ်ဓာတ်အားခွဲရုံမှာ ၉၅ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ပါတယ်။ မင်းတပ်မြို့သို့ လျှပ်စစ်ဓာတ်အားဆောလျင်စွာ ဖြန့်ဖြူးပေးနိုင်ဖို့ လာမယ့် ရက် ၁၀၀ ပြီး နောက်ထပ် ရက် ၁၀၀ စီမံကိန်းအတွင်းမှာ အပြီးထည့်သွင်း

အကောင်အထည်ဖော်ဆောင်ရွက်ဖို့ ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် မင်းတပ်မြို့ပေါ်ရှိရပ်ကွက် အားလုံးကို ဓာတ်အားဖြန့်ဖြူးဖို့အတွက် ၁၁ KV ဓာတ်အားလိုင်း ၅ မိုင်၊ 11/0.4 KV ထရန်စဖော်မာ နှစ်လုံးတည်ဆောက်ခြင်းလုပ်ငန်းအတွက် စုစုပေါင်းကုန်ကျစရိတ် ၁၇၆.၇၄ သန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာလည်းကောင်း၊ ၁၁ KV ဓာတ်အားလိုင်း ၁.၁၃ မိုင်၊ ၁၁/၀.၄ KV ထရန်စဖော်မာ သုံးလုံး၊ ၄၀၀ ဗို့လိုင်း ၁.၂၇ မိုင် တည်ဆောက်ခြင်းလုပ်ငန်းများအတွက် ကုန်ကျစရိတ် ၂၆၉.၃၆၇ သန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင်လည်းကောင်း၊ ပြည်နယ်အစိုးရဘတ်ဂျက်ဖြင့် ဆောင်ရွက်ခဲ့ ပြီးဖြစ်ပါတယ်။ ထို့အတူ ၁၁ KV လိုင်း ၁.၄ မိုင်၊ 11/0.4 KV ထရန်စဖော်မာ နှစ်လုံးနဲ့ ၄၀၀ ဗို့လိုင်း ၂ မိုင်အား ဆောင်ရွက်နိုင်ဖို့ စုစုပေါင်းကုန်ကျစရိတ် ၁၅၂.၆၃၂ သန်းကို ပြည်နယ်အစိုးရရဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ဘတ်ဂျက်မှာ ထည့်သွင်းလျာထားပြီးဖြစ်ပါတယ်။

မင်းတပ်မြို့နယ်အတွင်းရှိ ဓာတ်အားစနစ်မှ နှစ်မိုင်အတွင်း ဓာတ်အားရရှိနိုင်တဲ့ ကျော့တော် ကျေးရွာ၊ ဘောာ-၃ ကျေးရွာ၊ ပြည်ကျေးရွာများ လျှပ်စစ်ဓာတ်အားရရှိနိုင်ဖို့အတွက် ကမ္ဘာ့ဘဏ်ချေးငွေ ဖြင့် ဆောင်ရွက်လျက်ရှိတဲ့ အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်းရဲ့ ပထမဦးစားပေးအဆင့်မှာ ထည့်သွင်းလျာထားပေးပြီးဖြစ်ပါတယ်။ အဲဒီကျေးရွာများအတွက် ၄၀၀ ဗို့လိုင်းဆောင်ရွက်ခြင်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ပြည်နယ်အစိုးရဘတ်ဂျက်မှာ အချိန်ကိုက်လျာထားပြီးဖြစ်ပါတယ်။ ထို့အတူ မင်းတပ်မြို့နယ်အတွင်းရှိ ဘောင်ထဲကျေးရွာ၊ လှေးကောင်းကျေးရွာ၊ ပန်းအောကျေးရွာ၊ မကြန်းအိမ်ကျေးရွာများကိုလည်း အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း(NEP)ရဲ့ ဒုတိယ ဦးစားပေးအဆင့်မှာ ထည့်သွင်းလျာထားပေးပြီးဖြစ်ပါတယ်။ အဲဒါကြောင့် မင်းတပ်မြို့နယ်အတွင်းရှိ ကျန်ကျေးရွာအနည်းငယ်အား လျှပ်စစ်ဓာတ်အား ဆက်လက်ဖြန့်ဖြူးနိုင်ဖို့အတွက် ပြည်နယ်အစိုးရ ဘတ်ဂျက်နဲ့ ဆောင်ရွက်ပေးသွားနိုင်ဖို့ သက်ဆိုင်ရာချင်းပြည်နယ်အစိုးရကို ညှိနှိုင်းဆောင်ရွက်ပေး သွားမှာဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**မကွေးတိုင်းဒေသကြီး၊ ဆိပ်ဖြူမြို့မှ လက်ဆယ်ကျေးရွာအထိ၊ ဆိပ်ဖြူမြို့မှ ပင်းတလဲကျေးရွာအထိနှင့် ကျန်ရှိကျေးရွာများ လျှပ်စစ်မီးလင်းပေးနိုင်ရေးအတွက် ဆောင်ရွက်ပေးရန်အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ဆိပ်ဖြူမဲဆန္ဒနယ်မှ ဦးအောင်သိုက် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်သိုက်(ဆိပ်ဖြူမဲဆန္ဒနယ်)။** ။ လေးစားရပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ဆိပ်ဖြူမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိုက် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးမှ တစ်ဆင့် ကျွန်တော် မေးမြန်းလိုတာကတော့ ဆိပ်ဖြူမြို့မှာ လျှပ်စစ်ရုံးဝန်းအတွင်းမှာရှိတဲ့ ၆၆/၁၁ KV 5 MVA ဓာတ်အားခွဲစက်ရုံကြီးအား ဆိပ်ဖြူမြို့နယ်တစ်မြို့နယ်လုံးကို ပေးလို့ရတယ်လို့ သိရပါတယ်။ အဲဒီတော့ ကျွန်တော် မေးမြန်းချင်တာက (၁) ကျွန်တော်တို့ ဆိပ်ဖြူမြို့နယ်မှာရှိတဲ့ လျှပ်စစ်ဓာတ်အားခွဲရုံကနေပြီးတော့ လက်ဆယ်ကျေးရွာ ၁၆ မိုင်ကို သွယ်တန်းပါက အကျိုးပြုမယ့်ရွာ ၁၇ ရွာ၊ လူဦးရေကတော ၁၂၁၈၆ ဦး အကျိုးခံစားရမှာပါ။ (၂) ကျွန်တော်တို့ ဆိပ်ဖြူမှ ပင်းတလဲကျေးရွာကို မီးသွယ်တန်းမယ်ဆိုရင် အကျိုးပြုမယ့်ရွာငါးရွာပါ။ ဦးရေက ၅၃၈၂ ဦး အကျိုးခံစားရမှာပါ။ နံပါတ်(၃) ကျန်တဲ့ကျေးရွာများကလည်း မီးများကို လိုလားလျက်ရှိကြပါတယ်။ အဲဒါကြောင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော် အထက်ပါဖော်ပြတဲ့ ကျွန်တော်တို့ ဆိပ်ဖြူမှ လက်ဆယ်၊ ဆိပ်ဖြူမှ ပင်းတလဲ၊ နောက်ကျန်တဲ့ကျေးရွာများ မီးလင်းနိုင်ရေးအစီအစဉ်များ ရှိ/မရှိနှင့် ရှိပါက မည်သည့်အချိန်၊ မည်သည့်ကာလတွင် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် မရှိပါက အဘယ်ကြောင့်မရှိသည်ကို အကြောင်းပြန်ကြားနိုင်ရန် ကျွန်တော့် ဒေသခံပြည်သူလူထုကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးပဲကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဖေဇင်ထွန်း(ပြည်ထောင်စုဝန်ကြီး၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ ဆိပ်ဖြူမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိုက်ရဲ့ မကွေး

တိုင်းဒေသကြီး၊ ဆိပ်ဖြူမြို့မှ လက်ဆယ်ကျေးရွာအထိ ဆိပ်ဖြူမြို့မှ ပင်းတလဲကျေးရွာအထိနှင့် ကျန်ရှိကျေးရွာများ လျှပ်စစ်မီးလင်းနိုင်ရေးအတွက် ဆောင်ရွက်ပေးရန်အစီအစဉ်ရှိ/မရှိနှင့် ရှိပါက မည်သည့်ကာလတွင် စတင်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် မရှိပါက အဘယ်ကြောင့်ဖြစ်သည်ကို သိရှိလိုခြင်းနှင့်စပ်လျဉ်းတဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ ကျွန်တော် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးက ဆက်လက်ဖြေကြားသွားမှာဖြစ်ပါတယ်။ မကွေးတိုင်းဒေသကြီး၊ ဆိပ်ဖြူမြို့နယ် -တဲကြီး၊ မြေကြမ်းတော၊ ငွေးပင်၊ ထိန်ကန်၊ ရွာသစ်ကြီး၊ လက်ဆယ်ကျေးရွာအုပ်စု ချောက်အုပ်စုအတွင်းရှိ ကျေးရွာ ၁၇ ရွာ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ဆိပ်ဖြူ ၆၆/၁၁ KV၊ 5 MVA ဓာတ်အားခွဲရုံမှ လက်ဆယ်ကျေးရွာထိ ၁၁ KV လိုင်း ၁၆ မိုင် တည်ဆောက်ရမှာဖြစ်ပြီး ချောင်းမကြီး၊ ပင်းတလဲကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာငါးရွာ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ဆိပ်ဖြူဓာတ်အားခွဲရုံမှ ပင်းတလဲကျေးရွာထိ ၁၁ KV လိုင်း ရှစ်မိုင် တည်ဆောက်ရမှာဖြစ်ကြောင်း စိစစ်တွေ့ရှိရပါတယ်။

ငင်းဓာတ်အားလိုင်းတည်ဆောက်ခြင်းလုပ်ငန်းများဟာ လိုင်းမိုင်ရှည်လျားပြီး ကုန်ကျစရိတ်များပြားသောကြောင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးရဲ့ ခွင့်ပြုရန်ပုံငွေရရှိခဲ့မှုအရထည့်သွင်းလျာထားနိုင်ခဲ့ခြင်းမရှိကြောင်း သိရှိရပါတယ်။ ချောင်းမကြီး၊ ပင်းတလဲကျေးရွာအုပ်စုလျှပ်စစ်ဓာတ်အားရရှိရေးအတွက် တည်ဆောက်ရန်လိုအပ်တဲ့ ၁၁ KV ဓာတ်အားလိုင်း ရှစ်မိုင်တည်ဆောက်ခြင်းလုပ်ငန်းအား မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်ဖြည့်စွက်ရန်ပုံငွေတောင်းခံရမှာလည်းကောင်း၊ တဲကြီး၊ မြေကြမ်းတော၊ ငွေးပင်၊ ထိန်ကန်၊ ရွာသစ်ကြီး၊ လက်ဆယ်ကျေးရွာအုပ်စုများ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် တည်ဆောက်ဖို့ကိုလည်းပဲ ၁၁ KV လိုင်း ၁၆ မိုင် တည်ဆောက်ခြင်းလုပ်ငန်းကို မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင်လည်းကောင်း ထည့်သွင်းလျာထားနိုင်ရန် ညှိနှိုင်းဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်းနှင့် ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်ပြီး ဓာတ်အားလိုင်းတည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးသွားနိုင်မှာဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**ဒေါက်တာဒေါ်ခင်ညို၊ ဒေးဒရဲမဲဆန္ဒနယ်က တင်သွင်းသော ဧရာဝတီတိုင်းဒေသကြီး၊ ဒေးဒရဲမြို့နယ်အတွင်းရှိ ပင်လယ်ကမ်းခြေတွင် ဒီရေတောများ ဖွံ့ဖြိုးပေးရန်အတွက် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**ဥက္ကဋ္ဌ**။ ။ ဒေါက်တာဒေါ်ခင်ညို တင်သွင်းသွားတဲ့အဆိုကို ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၇၀ အရ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ် ၁၁ ဦးရှိတဲ့အတွက် ဆွေးနွေးချိန်ကို တစ်ဦးလျှင် ခြောက်မိနစ်ပေးမှာဖြစ်ပါတယ်။ သတ်မှတ်ထားတဲ့အချိန်အတွင်းမှာ တိုတိုနှင့်လိုရင်း ထိထိမိမိဆွေးနွေးနိုင်ရန်ကြိုတင်အသိပေးခြင်းဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ကျိုက်လတ်မဲဆန္ဒနယ်မှ ဦးရန်လင်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးရန်လင်း(ကျိုက်လတ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်များ၊ ကြွရောက်လာသူများအားလုံးကို မင်္ဂလာပါလို့ ဦးစွာဂါရဝပြုနှုတ်ဆက်ပါတယ်။ ကျွန်တော်ကတော့ ကျိုက်လတ်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရန်လင်း ဖြစ်ပါ တယ်။ ဒီကနေ့ ဒေးဒရဲမဲဆန္ဒနယ်က ဒေါက်တာဒေါ်ခင်ညို တင်သွင်းထားတဲ့ ဧရာဝတီတိုင်းဒေသကြီး၊ ဒေးဒရဲမြို့နယ်အတွင်းရှိ ပင်လယ်ကမ်းခြေမှာ ဒီရေတောများ ဖွံ့ဖြိုးပေးရန်အတွက် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်းအဆိုကို နိုင်ငံတကာဒီရေတောများထိန်းသိမ်းမှုအခြေအနေနဲ့ ယှဉ်တွဲ ပြီးတော့မှ ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ တကယ်တော့ ဒီရေတောဆိုတာ ကမ်းဦးကမ်းစပ် ရေတိမ်ပိုင်းတွေမှာ ပင်လယ်ဆားငန်ရေကို ကြိုက်နှစ်သက်တဲ့ လမု၊ ကနစို၊ ဓနိစတဲ့ သဘာဝအပင် ပေါင်းစုံ သဘာဝအလျောက် ထူထပ်စွာပေါက်ရောက်နေတဲ့တောများကို ဒီရေတောလို့ ခေါ်ပါတယ်။ ဒီရေတောများဟာ ကုန်းနဲ့ပင်လယ်ကို ကြားခံထားတဲ့ဟာဖြစ်ပြီးတော့မှ မြေပြိုမှု၊ မုန်တိုင်းများ စသည် တို့ရဲ့ဒဏ်ကိုလည်း ကာကွယ်ပေးပါတယ်။ ဇီဝသားငှက်မျိုးစုံလည်းပဲ ခိုအောင်းရာနေရာ ဖြစ်ပါတယ်။ ထို့အတူ မိကျောင်း၊ လိပ်စတဲ့ တွားသွားသတ္တဝါများနှင့် တချို့နေရာတွေမှာ နို့တိုက်သတ္တဝါဖြစ်တဲ့ ကျား များပါ မှီတင်းနေထိုင်ကြတယ်လို့ သိရပါတယ်။ ဒီရေတောတွေကနေပြီးတော့မှ သစ်ထုတ်လို့ ရပါ တယ်။ လောင်စာဆီအဖြစ်လည်း ထုတ်လို့ရပါတယ်။ တံငါသည်များဟာ ငါးဖမ်းနိုင်ပါတယ်။

နောက်ရေထု၊ လေထုရဲ့ ညစ်ညမ်းမှုကိုလည်း ဒီအပင်တွေက သန့်စင်ပေးနိုင်ပါတယ်။ ဒီရေတောများ သန့်စင်စွာထွန်းကား ပေါက်ရောက်လို့ရှိရင် သဘာဝခရီးသွားလုပ်ငန်းများလည်း ဖွံ့ဖြိုးတိုးတက်ပါတယ်။ ပင်လယ်ပျော်ငှက်များကို လေ့လာကြည့်ရှုရင် Bird Watcher ခေါ်တဲ့ ငှက်ကြည့်လုပ်ငန်းများလည်း ထွန်းကားပါတယ်။ တကယ်တော့ ဒီရေတောများဟာ မြန်မာနိုင်ငံတွင်သာမကဘဲနဲ့ ကမ္ဘာအရပ်ရပ်မှာ တစ်နေ့တခြား လျော့ပါးပျက်စီးနေတာကို တွေ့ရပါတယ်။ လူသားတို့ရဲ့ လက်အောက်မှာ ပျက်စီးနေတဲ့နေရာများကတော့ တရုတ်ပြည်က မြစ်ဝါမြစ်၊ မလကာရေလက်ကြား၊ အိန္ဒိယကဂင်္ဂါမြစ်၊ ဘော်နီယိုကမ်းခြေ၊ Madagascar ကမ်းခြေနဲ့ မြန်မာနိုင်ငံက ဧရာဝတီမြစ်ဝှမ်းတို့ ဖြစ်ပါတယ်။ အကြောင်းအရင်းကတော့ ရေလုပ်ငန်းတွေ၊ မြို့သစ်တည်တာတွေ၊ သစ်ခုတ်တာတွေ၊ လောင်စာဆီတွေ ထုတ်တာတွေစသော ဒီလိုလုပ်ငန်းတွေကြောင့် တော်တော်လေးကို ပျက်စီးနေတယ်လို့ဆိုပါတယ်။ ဧရာဝတီတိုင်းဒေသကြီးမှာဆိုလို့ရှိရင် ဧရာဝတီတိုင်းဒေသကြီးရဲ့ ဒီရေတောအားလုံးနီးပါးဟာ ခုတ်လွှန်သစ်တောများအဖြစ်နဲ့ လုံးဝနီးပါး ပျက်စီးနေတယ်လို့ဆိုပါတယ်။

ရခိုင်ပြည်နယ်က ဒီရေတောများဟာ ပျက်စီးနေသော်လည်းပဲ ပြုပြင်ဖို့အချိန်ရသေးတယ်လို့ ဆိုကြပါတယ်။ တနင်္သာရီတိုင်းဒေသကြီးမှာတော့ လူသူအရောက်အပေါက်နည်းတဲ့ နေရာတွေမှာ တချို့က အကောင်းပကတိကျန်နေသေးတယ်လို့ ဆိုပါတယ်။ ဒီ ဒီရေတောတွေကို ပြန်လည်ပြုပြင်ဖို့ဆိုရင် ဒီရေတောတစ်ခုကို ပြန်လည်တည်ထောင်ဖို့က အနည်းဆုံး နှစ် ၃၀ ကြာပါတယ်။ ၂၀၁၄ ခုနှစ်၊ ဇွန်လ ၂၇ ရက်နေ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေးမှာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောဦးစီးဌာန၊ သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးကနေပြီးတော့မှ ကျွန်တော်တို့နိုင်ငံမှာ သဘာဝတော ၁၃ ခုကို ထိန်းသိမ်းထားတယ်လို့ ဆိုပါတယ်။ ထို့ပြင် သစ်တောဦးစီးဌာနအောက်မှာ ဒီရေတောထိန်းသိမ်းရေးသီးသန့်ဌာနတစ်ခု ဖွင့်လှစ်ပေးမယ်လို့လည်း ဆိုခဲ့ပါတယ်။ JICA ရဲ့အစီအစဉ်နဲ့ ၂၀၁၄-၂၀၁၇ သုံးနှစ်စီမံကိန်းနှင့်လုပ်မယ်လို့ ပြောပါတယ်။ ပုသိမ်တက္ကသိုလ်၊ မြိတ်တက္ကသိုလ်နဲ့ ဝန်ကြီးဌာနပေါင်းပြီးတော့မှ ဧက ၁၅၀၀ မှာလည်းပဲ ဒီရေတောတွေရဲ့ အကြောင်းကို သုတေသနလုပ်မယ်လို့ ပြောပါတယ်။ ဒါပေမဲ့လို့ ဒီကျောင်းတွေရဲ့ သုတေသနတွေရဲ့ ရလဒ်တွေကို ကျွန်တော်တို့ ကျယ်ကျယ်ပြန့်ပြန့် မသိရှိခဲ့ရပါဘူး။ နိုင်ငံတကာမှာ ဥပမာအားဖြင့် ကျွန်တော်တို့ရဲ့ ဒေသတွင်းနိုင်ငံတွေမှာ ဒီရေတောဧရိယာတွေကို ထိန်းသိမ်းထားတာရှိပါတယ်။ ဥပမာအားဖြင့် အင်ဒိုနီးရှားနိုင်ငံမှာ ၉၁ ခုရှိပါတယ်။ မလေးရှားနိုင်ငံမှာ ၈၈ ခုရှိပါတယ်။ ဖိလစ်ပိုင်နိုင်ငံမှာ

၅၂ ခုရှိပါတယ်။ ထိုင်းနိုင်ငံမှာ ၂၃ ခုရှိပါတယ်။ ဗီယက်နမ်နိုင်ငံမှာ ၃၀ ရှိပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာတော့ လေးခုပဲရှိတာ အင်မတန်မှ ကွာခြားတာကို တွေ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အခုအခါမှာ အိုဇုန်းလွှာပျက်စီးပြီးတော့မှ ကမ္ဘာကြီးဟာတစတစ ပူနွေး လာပါတယ်။ အဲဒီပူနွေးတဲ့ကမ္ဘာကြီးဟာ ကမ္ဘာပေါ်မှာရှိတဲ့ ရေခဲပြင်ရဲ့မြစ်ပြင်များကို ကျော်ပြီးတော့မှ အချိန်မရွေးရေလွှမ်းခြင်း၊ ရေကြီးခြင်းများ ဖြစ်ပေါ်ခဲ့ပါတယ်။ အဲဒီလိုဖြစ်တဲ့အခါမှာ အကောင်းဆုံး သဘာဝအတားအဆီးဟာ ဒီရေတောများဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အဆိုရှင်တင်သွင်းထားတဲ့ ဧရာဝတီတိုင်းဒေသကြီး၊ ဒေးဒရဲမြို့နယ်အပါအဝင် ဧရာဝတီတိုင်းဒေသကြီးတစ်ခုလုံးက ပျက်စီးနေတဲ့ ဒီရေတောများ၊ ပျက်စီးစပြုနေတဲ့ ရခိုင်ပြည်နယ်က ဒီရေတောများကို အမြန်ဆုံးပြုပြင်ဖို့ ဆွေးနွေး တင်ပြရင်းနဲ့ အဆိုကိုထောက်ခံကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မြိတ်မဲဆန္ဒနယ်မှ ဦးစိုးပိုင်ငွေး ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးစိုးပိုင်ငွေး(မြိတ်မဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်များ၊ တက်ရောက်လေ့လာသူများအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးပိုင်ငွေး ဖြစ်ပါတယ်။ ဒေးဒရဲမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်ညိုတင်သွင်းခဲ့တဲ့ ဧရာဝတီတိုင်း ဒေသကြီး၊ ဒေးဒရဲမြို့နယ်အတွင်းရှိ ပင်လယ်ကမ်းခြေတွင် ဒီရေတောများ ဖွံ့စည်းပေးရန်အတွက် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဒီရေတောတွေဟာ သဘာဝကပေးတဲ့ အဖိုးတန်လှတဲ့ အဏ္ဏဝါသယံဇာတတစ်မျိုးဖြစ်ပြီး ကမ်းရိုးတန်း ဒေသမှာ နေထိုင်ကြတဲ့ ဒေသခံပြည်သူတွေရဲ့ဘဝလုံခြုံရေး၊ ပင်လယ်သတ္တဝါများရဲ့ လုံခြုံရေး၊ ကမ်းရိုးတန်းလုံခြုံရေးတို့ အတွက် အမြဲစိမ်းလန်းစွာနဲ့ ကာကွယ်ပေးနေတဲ့ ကမ်းခြေစောင့်တပ်တွေလို့ တင်စားရမှာဖြစ်ပါတယ်။ ဒီရေတောတွေဟာ မြေဆီလွှာကိုထိန်းသိမ်းပေးခြင်း၊ ကမ်းပြိုတိုက်စားခြင်းမှ ကာကွယ်ပေးခြင်း၊ ပင်လယ်ရေသတ္တဝါအများစုရဲ့ သားပေါက်ရှင်သန်ကြီးထွားရာဖြစ်ပြီး အပင်သတ္တဝါ များ အတွက်လည်း မရှိမဖြစ်လိုအပ်လှပါတယ်။ မြန်မာနိုင်ငံမှာ ဒီရေတောများပြုန်းတီး လာခဲ့ပြီး ကမ်းပြိုတိုက်စားခြင်း၊ ငါး၊ ပုစွန်၊ ကဏန်းနှင့် ရေသယံဇာတများလျော့ပါးလာခြင်း၊ ရာသီဥတု ပြောင်းလဲခြင်း၊ ရေမျက်နှာပြင် မြင့်တက်ခြင်းများ ဖြစ်လာရပါတယ်။ ဒါကြောင့် ပြီးခဲ့တဲ့ ၂၀၀၈ ခုနှစ်

နာဂစ်မုန်တိုင်းမှာ လူ ၁၄၀၀၀၀ ကျော် အသက်ဆုံးရှုံးခဲ့ရသလို လူပေါင်းများစွာလည်း ဘဝတွေ ပျက်စီးခဲ့ရပါတယ်။ နာဂစ်မုန်တိုင်း ဖြစ်စဉ်မှာ ဒီရေတောရှိတဲ့ဒေသတွေမှာနေထိုင်တဲ့ လူဦးရေ ၁၆၀၀၀ မှာ သုံးဦးသာ သေဆုံးခဲ့ပြီး ဒီရေတောမရှိတဲ့ဒေသတွေမှာ လူဦးရေ အမြောက်အမြားပျက်စီးခဲ့ ရပါတယ်။ ဒါဟာ မြန်မာ့သမိုင်းရဲ့ သင်ခန်းစာတစ်ခုအဖြစ် ယူရမှာလည်းဖြစ်ပါတယ်။ ဒါ့အပြင် ၂၀၀၅ ခုနှစ်၊ ဆူနာမီဖြစ်စဉ်မှာလည်း သီရိလင်္ကာနိုင်ငံရဲ့ ဒီရေတောရှိတဲ့ရွာတွေမှာ လူနှစ်ယောက်သာ သေဆုံးပြီး ဒီရေတောမရှိတဲ့ရွာမှာ လူ ၆၀၀၀ ကျော် သေဆုံးခဲ့တာကိုလည်း တွေ့ရှိရပါတယ်။ ဒါဟာလည်း ကမ္ဘာ့သမိုင်းရဲ့ သင်ခန်းစာတစ်ခုဖြစ်ပါတယ်။ ဒါကြောင့်ဒီရေတောတွေဟာ လူတွေရဲ့ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေး နေတဲ့ ကမ်းခြေစောင့်တပ်တွေဖြစ်တယ်ဆိုတာ အထက်ပါ သာဓကနှစ်ခုက သက်သေပြနေခဲ့ပါတယ်။

လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံရဲ့ ဒီရေတောပေါက် ရောက်မှုဟာ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တွေမှာ အများ အပြားပေါက်ရောက်ပါတယ်။ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ဒီရေတောများဟာလည်း ယခုဆို သုံးပုံပုံတစ်ပုံသာကျန်ရှိတော့တယ်လို့ သိရပါတယ်။ ဒီရေတောများပျက်စီးရခြင်းရဲ့အဓိက အကြောင်း အရင်းများမှာ မီးသွေးပြုလုပ်ခြင်း၊ ထင်းခုတ်ခြင်း၊ ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းများ တိုးချဲ့နေရာ ယူလာခြင်းတို့ကြောင့် ပျက်စီးခဲ့ရပါတယ်။ ၂၀၀၈ ခုနှစ်နောက်ပိုင်းမှာ ကျွန်တော်တို့ တနင်္သာရီတိုင်း ဒေသကြီး၊ မြိတ်ခရိုင်အတွင်းမှာတော့ မီးသွေးထုတ်လုပ်မှုဟာ အင်မတန်များပြားလာပြီး ဒေသတွင်း သုံးစွဲမှုထက် ထိုင်းနိုင်ငံသို့ တင်ပို့ရောင်းချခြင်းက ပိုမိုများပြားလာခဲ့ပါတယ်။ စံချိန်မီတဲ့မီးသွေးတွေကို ထိုင်းနိုင်ငံသို့တင်ပို့ပြီး စံချိန်မမီတဲ့ မီးသွေးတွေကို ရန်ကုန်နှင့်မော်လမြိုင်မြို့ကြီးများကို တင်ပို့ ရောင်းချခဲ့ပါတယ်။ ဒီလို မီးသွေးထုတ်လုပ်ရာမှာလည်း တရားဝင်ရောင်းချခြင်းထက်၊ တရားမဝင် တင်ပို့ရောင်းချခြင်းက ပိုမိုများပြားခဲ့ပါတယ်။ ထို့အပြင် မြိတ်မြို့ပေါ်ရှိ ကုမ္ပဏီလေးခုနှင့် မြိတ် အနောက်ဘက် ကျွန်းစုမြို့နယ်ပိုင် ပထော်ကျေးရွာမှာရှိတဲ့ ကုမ္ပဏီများမှ ငါးမုန့်စက်ရုံများမှာလည်း ထင်းအလွန်အကျွံသုံးစွဲနေတာကို တွေ့ရှိရပါတယ်။ ၎င်းကုမ္ပဏီများမှ စက်ရုံတစ်ခုအတွက် တစ်နေ့ကို ထင်းတန်ချိန် ၂၀ ခန့်လိုအပ်တဲ့အတွက် စက်ရုံငါးခုအတွက် တစ်နေ့ကို တန် ၁၀၀ ခန့် လိုအပ် လျက်ရှိနေပါတယ်။ ထိုကုမ္ပဏီများဟာ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက်မှာ လောင်စာဆီကို ဒီဇယ်အဖြစ် အသုံးပြုမည်ဟု လက်မှတ်ရေးထိုးခဲ့ကြသော်လည်း နှစ်နှစ်ခန့်

အကြာတွင် ထင်းလောင်စာများအသုံးပြုလာသည်ကို တွေ့ရှိရပါတယ်။ ထို့ကြောင့် ကုမ္ပဏီများရဲ့ လောင်စာအသုံးပြုမှုမှာ စိုးရိမ်ဖွယ်ရာဖြစ်နေပါတယ်။

ရိုသေလေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကြောင့် ကျွန်တော်တို့ မြန်မာနိုင်ငံတစ်နံတစ်လျားမှာရှိတဲ့ ကမ်းရိုးတန်းဒေသတစ်လျှောက် ဒီရေတောများကို အမြန်ဆုံးထိန်းသိမ်းသင့်နေပြီဖြစ်ပါတယ်။ ထို့ကြောင့် ဒေးဒရဲမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်ညို တင်သွင်းခဲ့တဲ့အဆိုကို အလေးအနက်ထောက်ခံကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ဦးဦးထွန်းမောင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဦးထွန်းမောင်(ပုဏ္ဏားကျွန်းမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်ကြီးများအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဦးထွန်းမောင် ဖြစ်ပါတယ်။ ကျွန်တော်ဆွေးနွေးမှာက ဒေးဒရဲမဲဆန္ဒနယ်က ဒေါက်တာဒေါ်ခင်ညိုရဲ့ ဒေးဒရဲမြို့နယ်အတွင်းမှာရှိတဲ့ ပင်လယ်ကမ်းခြေမှာ ဒီရေတောများဖွံ့စည်းပေးရန်အတွက် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုနဲ့စပ်လျဉ်းပြီးတော့ ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့မြန်မာနိုင်ငံဟာ ပင်လယ်ကမ်းရိုးတန်းအရှည် ၁၄၀၀ မိုင်ခန့် ပိုင်ဆိုင်တဲ့နိုင်ငံဖြစ်ပါတယ်။ အဲဒီကမ်းရိုးတန်းတစ်လျှောက်မှာ ကမ်းရိုးတန်းကိုမှီပြီး ဖြစ်တည်လာတဲ့ ဒီရေတောတွေ တည်ရှိနေပါတယ်။ တစ်ချိန်တုန်းကတော့ ဒီရေတောတွေဟာ ဒီထက်မက ထူထပ်များပြားစွာတည်ရှိခဲ့ပါတယ်။ ဒါပေမဲ့ လူ့ပယောဂကြောင့် ဒီရေတောတွေဟာ အခုဆိုရင် တဖြည်းဖြည်းလျော့ပါးလျက်ရှိနေပါတယ်။ ဒါတောင်မှ မြန်မာနိုင်ငံရဲ့ ဒီရေတောတွေဟာ ကမ္ဘာမှာ သတ္တမမြောက်ဒီရေတော အကျယ်ဆုံးနိုင်ငံဖြစ်နေပါသေးတယ်။ ဒီရေတောတွေကို ကျွန်တော်တို့လက်ထက်မှာ ထိန်းသိမ်းမှုမရှိဘူးဆိုရင် မကြာမီ သဘာဝဘေးအန္တရာယ်တွေကို ပိုပြီးရင်ဆိုင်လာကြရမယ်လို့ ပညာရှင်တွေက ခန့်မှန်းထားတာတွေကို သိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီရေတောတွေရဲ့ကောင်းကျိုးတွေက လေမုန်တိုင်းနှင့် ဒီရေလှိုင်းတွေကိုတားဆီးပေးနိုင်တဲ့အပြင် စားနပ်ရိက္ခာထုတ်လုပ်ရေးမှာလည်း အရေးပါပြီးအထောက်အကူပေးပါတယ်။ ပင်လယ်ရေနေသတ္တဝါတွေနဲ့ အစာကွင်းဆက်(Food Chain)တွေဟာ ဒီရေတောတွေမှာစတင်ကြီးထွားလာတဲ့အတွက် ဒီရေတောကြီးထွားလေလေ လူတွေစားသုံးတဲ့ ငါး၊ ပုစွန်ပေါ်များလေလေ

ဖြစ်တဲ့အတွက် ဒီရေတောတွေကြီးထွားလာဖို့ အလွန်အရေးကြီးပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ရခိုင်ဒေသမှာဆိုရင် ရွာတွေ၊ လယ်ကွင်းတွေနဲ့ ပုစွန်ကန်၊ တာပေါင်၊ တာရိုးတွေကို ဒီလှိုင်းနဲ့ လေပြင်းတွေရဲ့ဒဏ်မှ ကာကွယ်ပေးတာက ဒီရေတောတွေပဲ ဖြစ်ပါတယ်။ ဒီရေတောတွေကို တစ်ပိုင်တစ်နိုင်စိုက်ပျိုးထားတာတွေ၊ ထိန်းသိမ်းထားတာတွေလည်းရှိပါတယ်။ နောက်ပြီးတော့ ရခိုင် ကမ်းရိုးတန်းကျောက်ဖြူမှာ ရေနံဓာတ်ငွေ့တွေထုတ်လုပ်တာ၊ ရေနံတင်သင်္ဘောတွေ ဖြတ်သန်း ဝင်ရောက်တာတွေ၊ ဆိပ်ကမ်းမှာ သိုလှောင်တာတွေရှိလာပြီဖြစ်လို့ မတော်တဆ ရေနံယိုဖိတ်မှုတွေ ဖြစ်လာရင်လည်း ရေနံအညစ်အကြေးတွေကို တားဆီးအကာအကွယ်ပေးနိုင်တာက ဒီရေတောတွေပဲ ဖြစ်ပါတယ်။

လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာ့ကမ်းရိုးတန်းဒီရေတောတွေမှာ ကမ္ဘာမှာ ရှားပါးတဲ့သတ္တဝါတွေနဲ့ ငှက်တွေလည်းရှိပါသေးတယ်။ ဒါ့အပြင် ကမ္ဘာ့ရှားပါးသစ်ပင်မျိုးစိတ်တွေ လည်းရှိနေပါတယ်။ ကျောက်ဖြူဒီရေတောမှာဆိုရင် ပျောက်ကွယ်လုလုဖြစ်နေတဲ့ မြိုင်ကြီးပင်မျိုးစိတ် တွေကို ရှာဖွေတွေ့ရှိထားပါတယ်။ ဒါကြောင့် မြန်မာ့ဒီရေတောဟာ နိုင်ငံအတွက်ဂုဏ်ယူနိုင်တဲ့ သယံဇာတတစ်မျိုးဖြစ်တဲ့အတွက် အားလုံးကဝိုင်းဝန်းထိန်းသိမ်းဖို့ လိုအပ်နေပါတယ်။ ကမ်းရိုးတန်း နေကျေးလက်ပြည်သူတွေဟာ စားဝတ်နေရေးအတွက် ဒီရေတောတွေကို တိုက်ရိုက်မှီခိုနေရတာတွေ ရှိပါတယ်။ ဒီရေတောတွေမှာ သိုက်၊ ဓနိ အိမ်သုံးပစ္စည်းတွေကို ထုတ်ယူရတာတွေလည်းရှိပါတယ်။ ငါး၊ ထင်း၊ သစ်သီးဝလံတွေ ထုတ်ယူရတာလည်းရှိပါတယ်။ ကမ်းရိုးတန်းဒေသက ကျွဲ၊ နွားတွေရဲ့ စားကျက်ဟာ ဒီရေတောတွေပဲဖြစ်ပါတယ်။ ဒါဟာ ရခိုင်ဒေသရဲ့ ထူးခြားချက်ဖြစ်ပါတယ်။ နိဂုံးချုပ် အနေဖြင့် ဥက္ကဋ္ဌကြီးခင်ဗျား။ ကမ္ဘာ့ရာသီဥတုဟာ အဆိုးဖက်ကို အကြီးအကျယ်ပြောင်းလဲလာနေ ပါတယ်။ အပူချိန်တိုးတက်မြင့်မားလာနေပါတယ်။ မြန်မာနိုင်ငံဟာ သဘာဝဘေးအန္တရာယ်ကျရောက်ဖို့ အလားအလာအရှိဆုံး ၁၀ နိုင်ငံထဲမှာ ပါဝင်နေပါတယ်။ ထို့အတူ ဘေးအန္တရာယ်ကာကွယ်ဖို့ ပြင်ဆင်မှုအနည်းဆုံး ၁၀ နိုင်ငံထဲမှာလည်း ပါဝင်နေခဲ့ပါတယ်။ ဒီအနေအထားကို ချေဖျက်ဖို့ အကောင်းဆုံးက သစ်ပင်တွေစိုက်ပျိုး၊ ဒီရေတောတွေ ပျိုးထောင်ထိန်းသိမ်းဖို့ပဲဖြစ်ပါတယ်။ ဥတုရာသီ တောကိုမှီဆိုတဲ့စကားအတိုင်း မြန်မာနိုင်ငံမှာ သစ်တောတစ်မျိုးဖြစ်တဲ့ ဒီရေတောတွေကို စိုက်ပျိုး ထိန်းသိမ်းဖို့ အထူးလိုအပ်နေတဲ့အတွက်ကြောင့် ဒေါက်တာဒေါ်ခင်ညိုရဲ့အဆိုကို လေးလေးနက်နက် ထောက်ခံဆွေးနွေးရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ ကျွန်းစုမဲဆန္ဒနယ်မှ ဒေါ်တင်တင်ရီ မေးမြန်းဖို့ ဖြစ်ပါတယ်။

မူကြမ်း

**ဒေါ်တင်တင်ရီ(ကျွန်းစုမဲဆန္ဒနယ်)။** ။ အားလုံးပဲမင်္ဂလာပါရှင့်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ကျွန်မကတော့ တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်တင်ရီဖြစ်ပါတယ်ရှင်။ ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့ရဲ့ မြန်မာနိုင်ငံ ကမ်းရိုးတန်းများတွင် လူသားများရဲ့ အကျိုးစီးပွားအတွက် သဘာဝအလျောက်ပေးအပ်ထားသော လက်ဆောင်ဟုဆိုအပ်သည့် ဒီရေတောများကို ရခိုင်၊ တနင်္သာရီမြစ်ဝကျွန်းပေါ်၊ မွန်ပြည်နယ်အပါအဝင် ဒေသအချို့မှာ တွေ့နိုင်ပါတယ်။ ကျွန်မအနေဖြင့် ဒေါက်တာဒေါ်ခင်ညို တင်သွင်းသည့် ဧရာဝတီတိုင်းဒေသကြီး၊ ဒေးဒရဲမြို့နယ်အတွင်း ပင်လယ်ကမ်းခြေမှဒီရေတောများကို ဖွံ့စည်းပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို အပြုသဘောဖြင့် ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်ရှင်။ ဒီရေတောများရှိခြင်းရဲ့ အကျိုးကျေးဇူးများမှာ သဘာဝဘေးအန္တရာယ်မှ ကာကွယ်ပေးခြင်း။ ဥပမာ- ရေကြီးခြင်း၊ ကမ်းပြိုခြင်း၊ မြေဆီလွှာခမ်းခြောက်ခြင်း၊ ရာသီဥတုပြောင်းလဲခြင်း၊ ဇီဝမျိုးစုံပြုန်းတီးခြင်း၊ ဂေဟစနစ်ပျက်စီးခြင်း၊ ရေချိုအရင်းအမြစ်ရှားပါးလာခြင်း၊ သောက်ရေ၊ သုံးရေရှားပါးလာခြင်း၊ သား၊ ငါး၊ ပုစွန်လုပ်ငန်းများအတွက် အခက်အခဲများ ကင်းဝေးစေနိုင်ပါတယ်။ စီးပွားရေးအားဖြင့် ဒီရေတောများအတွင်း သား၊ ငါး၊ ပုစွန်များ အလွယ်တကူပေါက်ဖွားကြီးပြင်းနိုင်ခြင်းကြောင့် ဒေသအတွင်း စားနပ်ရိက္ခာနှင့် အသက်မွေးဝမ်းကျောင်းဖြစ်မှု လွယ်ကူခြင်း၊ ဒီရေတောတွင် အလေ့ကျပေါက်ရောက်နေကြသည့် ဓနိပင်များသည်လည်း ဒေသခံများအတွက် အမိုးအကာမှစ၍ အပွင့်၊ အရွက်၊ အသီး၊ အရည်မှစ၍ ဘာတစ်ခုမှမပစ်ရဘဲ ဓနိတစ်ပင်လုံး အသုံးချမည်ဟုခေါ်ရလောက်အောင်ပင် လူသားများအတွက် အကျိုးကျေးဇူးများပြားလှသည့်အပြင် ဓနိပင်အကိုင်းအခက်များမှာ စက္ကူများပြုလုပ်နိုင်သည်သာမက အင်ဒိုနီးရှားနိုင်ငံတွင် အမျိုးအစားကောင်းမွန်သည့် ရိုးရာဓလေ့အရက်တစ်မျိုးကိုပင် ဓနိပင်စည်အကိုင်းအခက်တို့မှ ထုတ်လုပ်နိုင်ကြောင်းကို လေ့လာတွေ့ရှိရပါတယ်။ ဒီရေတောအတွင်းတွင် သစ်အမျိုးအစားများမှာလည်း အဖိုးတန်အသုံးတဲ့လှပေရာ ယင်းသို့အကျိုးကျေးဇူးများလှသည့် ဒီရေတောများ တဖြည်းဖြည်းပြုန်းတီးလာနိုင်သည်မှာ ကြာမြင့်လာသည်ဖြစ်ပါ၍ မြစ်ဝကျွန်းပေါ်အပါအဝင် ကမ်းရိုးတန်းဒေသများရဲ့ ဒီရေတောများကို ဖွံ့စည်းထိန်းသိမ်းပေးရန်မှာ အမှန်တကယ်လိုအပ်နေပြီဖြစ်ပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင်။ ဒီရေတောများပြုန်းတီးရခြင်း၏ အဓိကအချက်မှာ ထင်းမီးသွေးများကို အဆမတန် ထုတ်ယူခြင်း၊ ငါးမုန့်ကြိတ်စက်ရုံ၊ ကင်းမွန်ပုစွန်ခြောက်လုပ်ငန်းများအတွက် အစားထိုးလောင်စာအဖြစ် ထုတ်လုပ်ခြင်း၊ ဒေသခံများ အိမ်ဆောက်ရန်အတွက် မျောတိုင်နှင့် အိမ်တိုင်များကို၊

အခြားရေလုပ်ငန်းအတွင်း လိုအပ်သည့်သစ်များကို ဒီရေတောမှ အဆမတန်ခုတ်ယူနေခြင်းကြောင့် ဖြစ်ပါတယ်။ ဥပမာအားဖြင့် ကျွန်မတို့ မြိတ်ကျွန်းစုဒေသတွေ ဒီရေတောများကို ၂၀၀၀ ခုနှစ်မှစ၍ ဒေသခံမဟုတ်သည့် လုပ်ငန်းရှင်များသည် စီးပွားဖြစ်မီးသွေးလုပ်ငန်းကို လုပ်ကိုင်ရန်အတွက် ဒေသအခေါ် ပရုန်းခေါ် ဖြူးပင်များကို အဓိကထားလုပ်ကိုင်ပြီး စံချိန်မီမီးသွေးများကို ထိုင်းနိုင်ငံသို့ တင်ပို့၍ စံချိန်မမီသည့်မီးသွေးများကို ဒေသခံရန်ကုန်ကဲ့သို့ ပြည်တွင်းကို တင်ပို့ရောင်းချနေခဲ့ပါတယ်။ ဒေသခံများမှ အခကြေးငွေအနည်းငယ်မျှဖြင့် သစ်ခုတ်သမားများအဖြစ် အသက်မွေးဝမ်းကျောင်း ပြုခဲ့ရပါတယ်။ ဒီရေတောအတွင်း သစ်ခုတ်ရာတွင် မီးသွေးထင်းနဲ့ဘိုင်လာထင်းဟူ၍ နှစ်မျိုး နှစ်စားနှင့် ဘိုင်လာထင်းမှာ လွယ်ကူလျင်မြန်ပြီး ငွေကြေးပိုမိုရရှိကြပါတယ်။ မီးသွေးထင်းမှာ အရွယ်အစားကိုက်အောင်ဆောင်ရွက်ရပြီး ခက်ခဲသော်လည်း ဘိုင်လာထင်းမှာ အရွယ်အစားမရွေး အမြစ်ပါမကျန် ခုတ်ယူနိုင်ခြင်း၊ ငါးမုန့်ကြိတ်စက်ရုံ၊ ကင်းမွန်အခြောက်လှန်းစက်ရုံများသို့ အလွန် အကျွံခုတ်ယူ ရောင်းချလာပါတော့တယ်။ မြိတ်မြို့နယ်နှင့်ကျွန်းစုမြို့နယ်တွင် ငါးမုန့်ကြိတ်စက်ရုံ တစ်မျိုးတည်းပင် ငါးရုံခန့်ရှိ၍ တစ်နေ့လျှင်တန်ချိန် ၂၀ ခန့်အသုံးပြုခြင်းအားဖြင့် တစ်နေ့လျှင် ထင်းတန်ချိန် ၁၀၀ ခန့် အသုံးပြုနိုင်ကြပါတယ်။ ဒီရေတောများ ပြုန်းတီးပျောက်ကွယ်မှုများ ဖြစ်နေပါ တယ်။ ဒီရေတောများ ပြုန်းတီးခြင်း၏ နောက်ဆက်တွဲ အကျိုးဆက်အနေနဲ့ လူမှုရေး၊ ပတ်ဝန်းကျင် ဆိုင်ရာသက်ရောက်မှုများ၊ စီးပွားရေးခက်ခဲလာခြင်း၊ အလုပ်အကိုင်ရှားပါးလာခြင်းနှင့် ဝင်ငွေပုံမှန် မရှိခြင်း၊ လုပ်ငန်းရှင်များထံ အတိုးဖြင့်ချေးငှားရခြင်း၊ ဝင်ငွေနည်းပါးခြင်းကြောင့် ကျန်းမာရေး စောင့်ရှောက်မှုကို ပြည့်ဝစွာမခံယူနိုင်ခြင်း၊ ကလေးများပညာသင်ကြားခွင့်မရရှိနိုင်ခြင်းနှင့် အမျိုးသမီး ငယ်လေးများ စောစီးစွာ အိမ်ထောင်ပြုရခြင်းအပြင် အခြားလူမှုရေးပြဿနာများ၊ ဒေသခံများ ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံသို့ ရွှေ့ပြောင်းအလုပ်သမားအဖြစ် သွားရောက်လုပ်ကိုင်ရခြင်းကြောင့် လူသားအရင်းအမြစ်များ ရှားပါးလာခြင်းနှင့် မူးယစ်ဆေးဝါး သုံးစွဲလာမှုများပြားလာခြင်းတို့ဖြစ်ပါ တယ်။ ကျွန်းစုမြို့နယ်အချို့ရွာများတွင် ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ဒေသသုံးထင်းမီးသွေး တန်ချိန် ၃၀၀၀ ခွင့်ပြုရာမှ ၂၀၁၅-၂၀၁၆ ခုနှစ်တွင် တန်ချိန် ၅၀၀၀ အထိ ခွင့်ပြုခဲ့ပြီး မြို့နယ်သစ်တောဦးစီး၏ ခွင့်ပြုချက်တွင် ဒီရေတောနေရာအား တိကျစွာဖော်ပြထားခြင်းမရှိသလို ထုတ်ယူခွင့်တန်ချိန်မှာလည်း လိုင်စင်အလိုက်ဖော်ပြထားခြင်းမရှိသဖြင့် ဒီရေတောမီးသွေးများကို ၁၅ ရက် တစ်ကြိမ်လျှင် တန်ချိန် ၄၀၀၀၀ မှ ၅၀၀၀၀ အထိကို ကော့သောင်းမြို့မှတစ်ဆင့် ထိုင်းနိုင်ငံသို့ တင်ပို့ရောင်းချနေကြောင်းကို Lean Network မြိတ်မြို့၏ အစီရင်ခံစာတွင် တွေ့ရှိရပါတယ်။ ၁၉၉၄ ခုနှစ် မြန်မာနိုင်ငံရင်းနှီး

မြှုပ်နှံမှုကော်မတီနဲ့ ငါးမုန့်စက်ရုံများသည် လုပ်ငန်းဆောင်ရွက်ရန် MOU ရေးထိုးစဉ်က လောင်စာထင်းကိုမသုံးဘဲ ဒီဇယ် သို့မဟုတ် F O များသုံး၍ အနံ့ဆိုးကင်းအောင်ဆန်ခါများသုံးပြီး ပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးဖြစ်အောင် ဆောင်ရွက်မည်ဖြစ်ကြောင်း သဘောတူလက်မှတ်ရေးထိုးခဲ့သော်လည်း စက်ရုံဖြစ်ပြီး တစ်နှစ်ခန့်မှစ၍ ဒီရေတောထင်းကို အသုံးပြုလာခဲ့ပါသည်။ သို့ပါ၍ မြိတ်မြို့တွင်ကလေးသူငယ်မှစ၍ သက်ကြီးရွယ်အိုများအထိ ငါးမုန့်စက်ရုံ၏အနံ့ဆိုးများကြောင့် ကင်ဆာရောဂါ၊ ပန်းနာရင်ကြပ်နှင့် ချောင်းဆိုးသွေးပါရောဂါဆိုးများကို ဆိုးဝါးစွာခံစားနေရပြီဖြစ်ပါသည်။ သို့ပါ၍ ဒီရေတောများ ပြုန်းတီးခြင်းကြောင့် ဖြစ်ပေါ်လာသည့် သဘာဝပတ်ဝန်းကျင်ဂေဟစနစ်များ ပျက်စီးရခြင်း၏ဆိုးကျိုးများကို ပြန်လည်အစားထိုးပြုပြင်ဖာထေးနိုင်ရန်အတွက် ဒေါက်တာဒေါ်ခင်ညို၏အဆိုကို ထောက်ခံခြင်းဖြင့် ဒေးဒရဲမြို့နယ်သာမက မြန်မာနိုင်ငံတစ်ဝှမ်း ဒီရေတောများကို ဖွဲ့စည်းထိန်းသိမ်းသင့်ပါကြောင်း အကြံပြုဆွေးနွေးအပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဘိုကလေးမဲဆန္ဒနယ်မှ ဦးမင်းသိုင်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးမင်းသိုင်း(ဘိုကလေးမဲဆန္ဒနယ်)**။ ။လေးစားရပါသောပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ကြွရောက်လာကြသောဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဘိုကလေး မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းသိုင်းဖြစ်ပါတယ်။ ကျွန်တော်တင်ပြမယ့် အကြောင်းအရာကတော့ ဒေးဒရဲမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ခင်ညိုရဲ့ ဧရာဝတီတိုင်းဒေသကြီးမှာရှိတဲ့ ဒေးဒရဲမြို့နယ်အတွင်း ပင်လယ်ကမ်းခြေရှိ ဒီရေတောများ ဖွဲ့စည်းပေးရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်းအဆိုကို ထောက်ခံဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါ တယ်။ ဒီရေတောဆိုတာဟာ ကမ်းရိုးတန်းဒေသမှာရှိတဲ့၊ ဒီရေအတက်အကျရှိတဲ့ နယ်မြေဒေသအတွင်းမှာ ပေါက်ရောက်တဲ့၊ ဆားအငန်ဓာတ်ခံနိုင်တဲ့၊ သစ်တောဂေဟစနစ်နဲ့ ကုန်းတွင်းပိုင်းနှင့် ပင်လယ်ဆက်စပ်ပေးတဲ့နေရာဒေသတွေမှာ ပေါက်ရောက်တဲ့၊ ကုန်းတွင်းပိုင်းဂေဟစနစ်နဲ့ အဏ္ဏဝါ ဂေဟစနစ်တွေကို ဆက်စပ်ဖွဲ့စည်းပေးထားတဲ့ နေရာဒေသပဲဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီနေရာမှာ ဇီဝမျိုးစုံမျိုးကွဲတွေ ပေါများကြွယ်ဝတာကိုလည်း တွေ့ရပါတယ်။ အဲဒီတော့ ဒီရေတောရှိခြင်းကြောင့် ကျွန်တော်တို့ သစ်တောနှင့် သစ်တောထွက်ကုန်ပစ္စည်းတွေကို ရရှိနိုင်ပါတယ်။ ငါး၊ ပုစွန်တွေ ပေါက်ရောက်ရှင်သန်စေတဲ့အတွက်ကြောင့် ဒီနေရာမှာ လူတွေအတွက် စားနပ်ရိက္ခာဖြစ်တဲ့

မူကြမ်း

ငါး၊ ပုစွန်တွေ ရိက္ခာရရှိနိုင်မှာလည်း ဖြစ်ပါတယ်။ အဲဒီ ဒီရေတောတွေကနေပြီးတော့ ဆေးဘက်ဝင်တဲ့ အပင်ငယ်တွေလည်း ရရှိနိုင်မှာဖြစ်ပါတယ်။ နောက်တစ်ခါ လူတွေရဲ့ စိုက်ပျိုးထားတဲ့ လယ်ကွင်းတွေကို ရေငန်ဝင်ရောက်ခြင်းကိုလည်းပဲ တားဆီးပေးပါတယ်။ ဒါ့အပြင် ဆားငန်ရေမှာ အသက်ရှင်နေထိုင်တဲ့ ဇီဝမျိုးစုံမျိုးကွဲတွေကို သူတို့က ထောက်ပံ့အကူအညီပေးပါတယ်။ ဒါ့အပြင် ဒီရေတောရှိခြင်းဟာ ပင်လယ်ကမ်းရိုးတန်း ကမ်းပြိုတိုက်စားခြင်းတွေကိုလည်း ကာကွယ်ပေးတဲ့အပြင် ဆူနာမီစတဲ့မုန်တိုင်းအပါအဝင် လှိုင်းဒဏ်၊ လေဒဏ်၊ ကြမ်းတမ်းတဲ့ရာသီဥတုဒဏ်ကိုလည်းပဲ ကာကွယ်ပေးပါတယ်။ ဒါ့အပြင် ဒီရေတောရှိခြင်းအတွက်ကြောင့် ရေလွှမ်းမိုးမှုတွေကိုမဖြစ်စေဘဲနဲ့ ထိန်းညှိပေးပါတယ်။ ထို့အပြင် ဒီရေတောရှိတဲ့အတွက်ကြောင့် အညစ်အကြေးတွေကို စစ်ထုတ်ပြီးတော့မှ သန့်စင်ပေးပါတယ်။ ဒါ့အပြင် ဒီရေတောဟာ ကာဗွန်တွေကိုလည်း သိုလှောင်သိမ်းဆည်း ထားပါတယ်။ ကျွန်တော်တို့ ဒီရေတောရှိခြင်းကြောင့် သဘာဝရှုခင်းကို ကြည့်နူးခံစားလိုတဲ့သူတွေများအတွက် သူဟာ ခရီးသွားလုပ်ငန်းကိုလည်း အထောက်အကူပေးပါတယ်။

ဒါကြောင့်မို့လို့ ဒေးဒရဲမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ခင်ညိုရဲ့ ဧရာဝတီတိုင်းဒေသကြီးမှာ ဒေးဒရဲမြို့နယ်အတွင်း ပင်လယ်ကမ်းခြေမှာရှိတဲ့ ဒီရေတောများဖွံ့စည်းပေးရန်ဆိုတဲ့အဆိုကို ကျွန်တော် ထောက်ခံအပ်ပါတယ်။ ဒါ့အပြင် ဒီရေတောများ ပျက်စီးယိုယွင်းရတဲ့ အကြောင်းများကိုလည်း ဆက်လက်ဆွေးနွေးပါ့မယ်။ ဒီရေတောများပျက်စီးရတဲ့ အဓိကအကြောင်းကတော့ လူတွေဟာ လောင်စာအတွက် ထင်း၊ မီးသွေး အလွန်အကျွံထုတ်ယူသုံးစွဲကြပါတယ်။ ဘာကြောင့် ထင်းမီးသွေးသုံးစွဲသလဲဆိုတော့ ဒီရေတောမှာပေါက်ရောက်တဲ့ ဒီ ကနစိုတို့၊ မဒမတို့၊ သမဲ့တို့၊ လမု တို့ဆိုတာဟာ အငန်ဓာတ်ကိုခံပြီးတော့မှ ပေါက်ရောက်တဲ့အတွက်ကြောင့်မို့လို့ သစ်မာအမျိုးအစား ဖြစ်ပါတယ်။ ဒါ့အပြင် အဓိကက ကျွန်တော်တို့ စိုက်ပျိုးမြေတွေ၊ ငါးကန်တွေ၊ ပုစွန်ကန်တွေ၊ ဆားကွင်းတွေ တိုးချဲ့ပြီးတော့လုပ်ကိုင် လာတဲ့အတွက်ကြောင့် ဒီရေတောတွေပျက်စီးရပါတယ်။ လမ်းဖောက်လုပ်ခြင်းကြောင့် ဒီရေတောတွေ ပျက်စီးရပါတယ်။ ဒါကြောင့်မို့လို့ ဒီရေတောတွေပျက်စီးတာတွေကို ကျွန်တော်တို့ ဥပမာတစ်ခု တင်ပြရမယ်ဆိုရင် ဘိုကလေးမြို့နယ်ရဲ့ ဒီရေတောပျက်စီးမှုဆိုရင် ၂၀၀၉ ခုနှစ်၊ စီမံကိန်းနှင့် စာရင်းအင်းဌာနရဲ့ စာရင်းအရဆိုရင် မူလရှိတာက ၁၇၀၀၀၀ ကျော် ရှိနေတာကနေပြီးတော့ ၉၇၀၀၀ ပဲကျန်ပါတော့တယ်။ ပျက်စီးသွားတဲ့ ဒီရေတောဟာဆိုရင် ဧက ၂၄၀၀၀ ကျော် ပျက်စီးသွားပါတယ်။ အဲဒါကြောင့်မို့လို့ ကျွန်တော်တို့က ဒီရေတောကို ဒီဘိုကလေးမြို့ရဲ့ အခုနတုန်းက စီမံကိန်းနှင့် စာရင်းအင်းအရဆိုရင် ဒါဟာ မြန်မာပြည်တစ်ပြည်လုံးကို

ရခိုင်ကမ်းရိုးတန်းဒေသ၊ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ၊ တနင်္သာရီကမ်းရိုးတန်းဒေသမှာရှိတဲ့ ဒီရေတောတွေကို ထိန်းသိမ်းဖို့လိုအပ်နေပြီဆိုတာကို ဒါဟာထောက်ပြတာဖြစ်ပါတယ်။ သို့အတွက်ကြောင့် ဒေးဒရဲမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ခင်ညို့ရဲ့ ဧရာဝတီတိုင်းဒေသကြီး၊ ဒေးဒရဲမြို့နယ်အတွင်းရှိ ပင်လယ် ကမ်းခြေဒေသမှာရှိတဲ့ ဒီရေတောများ ဖွံ့ဖြိုးစည်းပေးရန်ဆိုတဲ့ ပြည်ထောင်စုအစိုးရကို တိုက်တွန်းကြောင်း အဆိုကို ထောက်ခံတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး သန်းလှိုင်ဝင်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒုတိယဗိုလ်မှူးကြီးသန်းလှိုင်ဝင်း(တပ်မတော်သားကိုယ်စားလှယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ တပ်မတော်သားပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး သန်းလှိုင်ဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ၃၀-၅-၂၀၁၆ ရက်နေ့တွင် ဒေးဒရဲမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်ညို၏ အဆိုနှင့် စပ်လျဉ်းပြီးတော့ အကြံပြု ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ Power Point ဖြင့် တင်ပြခွင့်ပြုပါခင်ဗျား။ ကမ္ဘာကြီးပူနွေး လာခြင်း၊ အိုဇုန်းလွှာပျက်စီးခြင်း၊ ရာသီဥတုပြောင်းလဲခြင်းနှင့် ရေခဲတောင်များ အရည်ပျော်ပြီး ပင်လယ်ရေမျက်နှာပြင်မြင့်တက်လာခြင်း၊ နိုင်ငံအဆင့် သစ်တော ပြုန်းတီးခြင်း၊ မြေဆီလွှာပြုန်းတီးခြင်း၊ သဲကန္တာရဖြစ်ထွန်းခြင်း၊ ကမ်းရိုးတန်းဒေသပတ်ဝန်းကျင် မထိန်းသိမ်းခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ လျော့ပါးပြုန်းတီးလာခြင်းနှင့် မျိုးတုန်းပျောက်ကွယ်ခြင်း၊ စွန့်ပစ်ပစ္စည်းများ၊ မြို့ပြစက်ရုံများ ညစ်ညမ်းလာခြင်းတို့ကြောင့် ဂေဟစနစ်ကို အလေးထား ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်လာပါတယ်။ ဂေဟစနစ်ပျက်ယွင်းမှုကြောင့် ၂၁ ရာစုအကုန်မှာ ဇီဝမျိုးစိတ် ထက်ဝက်ခန့် ပျက်သုဉ်းသွားနိုင်ကြောင်း ပညာရှင်များရဲ့ ရေးသားချက်အရ တွေ့ရှိရ ပါတယ်။ ဒီရေတော နောက်ခံသမိုင်းကြောင်းများအနေနဲ့ ကမ္ဘာ့ဒီရေတောများတည်ရှိမှုကို ပထဝီဝင်ဒေသကြီးနှစ်ခု ခွဲခြားဖော်ပြထားပါတယ်။ Indo Pacific Region နှင့် West African-America Region တို့ပဲဖြစ်ပါတယ်။ လက်ရှိ ကမ္ဘာ့ဒီရေတောဧရိယာ စုစုပေါင်းဟာ ၂၀၁၀ ပြည့်နှစ်မှာ ၁၅ သန်းခန့်ရှိပြီးတော့ ၁၉၉၂ ခုနှစ်မှာဆိုလို့ရှိရင် ၁၉ သန်းကျော် တည်ရှိကြောင်းကို ဖော်ပြထားပါတယ်။ အာရှနိုင်ငံများဟာ ဒီရေတောပေါက်ရောက်မှုအများဆုံး ဖြစ်ပြီးတော့ ကမ္ဘာ့ဒီရေတောဧရိယာရဲ့ ၄၀.၄ ရာခိုင်နှုန်း ထက်ဝက်

နီးပါးတည်ရှိပါတယ်။ အင်ဒိုနီးရှား၊ မလေးရှား၊ မြန်မာ၊ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယနိုင်ငံ တို့ပဲဖြစ်ပါတယ်။ ဒီရေတောပေါက်ရောက်မှုအများဆုံး ၁၀ နိုင်ငံအနက် ငါးနိုင်ငံဟာ အာရှဒေသတွင်း နိုင်ငံများဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာဆိုလို့ရှိရင် World Mangrove Atlas ၏ ၂၀၁၀ ပြည့်နှစ် ခန့်မှန်းစာရင်းများအရ ဒီရေတောဧရိယာ ဟက်တာပေါင်း ငါးသိန်းကျော်ရှိပြီးတော့ ကမ္ဘာ့ဒီရေတော ဧရိယာစုစုပေါင်း၏ ၃.၃ ရာခိုင်နှုန်း သတ္တမမြောက် ဒီရေတောအကျယ်ဆုံးနိုင်ငံလည်း ဖြစ်ပါတယ်။ မြန်မာ့ကမ်းရိုးတန်းအရှည် ၁၈၃၂ ကီလိုမီတာမှာ အဓိကတွေ့ရှိရတဲ့ ဒေသကြီးများအနေနဲ့ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ၊ ရခိုင်ကမ်းရိုးတန်း၊ တနင်္သာရီကမ်းရိုးတန်းဒေသများဖြစ်ပါတယ်။ နာဆာအဖွဲ့ရဲ့ ကြိုတင်ခန့်မှန်းလေ့လာ တွေ့ရှိချက်အရ မြန်မာနိုင်ငံ ဒေသကြီးသုံးခုအတွင်း ဒီရေတောဖုံးလွှမ်းမှုဟာ တင်ပြပါအတိုင်း ၂၀၁၀ ပြည့်နှစ်တွင် ဧကပေါင်း ၁၁ သိန်းကျော်ရှိရာမှ ၂၀၃၀ ပြည့်နှစ်မှာ ခြောက်သိန်းကျော်ခန့်သာ ကျန်ရှိတော့ မည်ဖြစ်ကြောင်း ခန့်မှန်းတွက်ချက်ထားပါတယ်။ ဒီရေတောမှ ရရှိနိုင်တဲ့ အကျိုးကျေးဇူးများအနေနဲ့ သစ်နှင့်သစ်တောထွက်ပစ္စည်းများ ထုတ်ယူနိုင်ခြင်း၊ ငါး၊ ပုစွန်များ ပေါက်ဖွားရှင်သန်ကြီးထွားရန် နေရင်းဒေသဖြစ်ခြင်း၊ ငါး၊ ပုစွန်စားနပ်ရိက္ခာများရရှိစေခြင်း၊ ဆေးဘက်ဝင်အပင်များရရှိစေခြင်း၊ ဆိုးဆေးထုတ်လုပ်နိုင်ခြင်း၊ ကမ်းရိုးတန်းမြေပြိုတိုက်စားမှုမှ ကာကွယ်နိုင်ခြင်း၊ ဆားငန်ရေတွင် အသက်ရှင်နေထိုင်သော ဇီဝမျိုးစုံမျိုးကွဲများ ရှင်သန်ရန်ပံ့ပိုးပေးခြင်း၊ စပါးကွင်းအတွင်းသို့ ဆားငန်ရေဝင်ရောက်ခြင်းအား ကာကွယ်တားဆီးပေးခြင်းစတဲ့ ဒီရေတောဂေဟစနစ်မှ ရရှိနိုင်တဲ့ အကျိုးကျေးဇူးများဖြစ်ပြီးတော့၊ ဒီရေတော ပျက်စီးပြုန်းတီးခြင်းနှင့် ပတ်သက်ပြီးတော့ အဓိက အကြောင်းရင်းများအနေနဲ့ လူဦးရေတိုးပွားလာခြင်း၊ ထင်းမီးသွေး အလွန်အကျွံထုတ်ယူသုံးစွဲခြင်း၊ လူနေကျေးရွာများ တိုးချဲ့လာခြင်း၊ လမ်းဖောက်လုပ်ခြင်း၊ ဆားထုတ်လုပ်ခြင်း၊ သဘာဝ အန္တရာယ်များ ကျရောက်ခြင်းနှင့် အခြားမြေအသုံးချမှု ပြောင်းလဲခြင်းတို့ပဲ ဖြစ်ပါတယ်။ သယံဇာတနှင့်သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနအနေဖြင့် သဘာဝတောများ၊ ဒီရေတောများပြန်လည် ထူထောင်ခြင်းလုပ်ငန်းမှာ ရည်ရွယ်ချက်များချမှတ် ဆောင်ရွက်လျက်ရှိရာမှာ တင်ပြပါရည်ရွယ်ချက် များဖြင့် ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရပါတယ်။ ဒီရေတော၊ ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တော ဖွဲ့စည်းခြင်းအနေဖြင့် တင်ပြပါအတိုင်း တွေ့ရှိရပါတယ်။

၂၀၁၄-၂၀၁၅ ခုနှစ် ဒီရေတောများ ပြန်လည်စိုက်ပျိုးခြင်းအနေဖြင့် စုစုပေါင်း ၁၆၃၆၉ ဧက စိုက်ပျိုးထားကြောင်း ၂၀၁၄ ခုနှစ် မေလမှာထုတ်ပြန်တဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောဝန်ကြီးဌာနရဲ့အစီရင်ခံစာမှာ တွေ့ရှိရပါတယ်။ တပ်မတော်အနေနဲ့ နိုင်ငံတော်ရဲ့အမျိုးသားအကျိုး

စီးပွားအတွက် နိုင်ငံတော်အစိုးရ၏ ချမှတ်ထားသောမူဝါဒကိုပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်ရာမှာဆိုရင် ဒီရေတောများပြန်လည်စိုက်ပျိုးပြုစုခြင်းအား သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များ၊ သစ်တောဦးစီးဌာန၊ ပြည်သူလူထုတို့နှင့်ပူးပေါင်းပြီးတော့ နှစ်စဉ်ဆောင်ရွက်လျက်ရှိရာမှာ တနင်္သာရီတိုင်းဒေသကြီးမှာ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၏ ၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်အတွင်း ဒီရေတောအပင်ပေါင်း ၈၅၅၀ ပင်၊ ဧရာဝတီတိုင်းဒေသကြီးမှာ အနောက်တောင်တိုင်းစစ်ဌာနချုပ်၏ ၂၀၁၂ ခုနှစ်မှ ၂၀၁၄ ခုနှစ်အတွင်း ဒီရေတောအပင်ပေါင်း ၉၂၈၄၆ ပင်၊ ရခိုင်ကမ်းရိုးတန်းဒေသမှာဆိုရင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်အတွင်း ဒီရေတောအပင်ပေါင်း ၂၁၃၄၅ ပင် စိုက်ပျိုးနိုင်ခဲ့ပြီး စုစုပေါင်း ၁၂၂၆၉၆ ပင် စိုက်ပျိုးနိုင်ခဲ့ပါတယ်။ တင်ပြပါ ဓာတ်ပုံတွေကတော့ တပ်မတော်အနေနဲ့ ဒီရေတောပြန်လည်စိုက်ပျိုးပြုစုခြင်းမှတ်တမ်းဓာတ်ပုံတွေပဲ ဖြစ်ပါတယ်။ ဒီရေတောထိန်းသိမ်းခြင်းများကို ဆောင်ရွက်ရာတွင် စိုက်ပျိုးခြင်း၊ ပြုစုပျိုးထောင်ခြင်းလုပ်ငန်းများအပြင် ပြည်သူလူထုရဲ့နေ့စဉ်သုံးအခြေခံလောင်စာဖြစ်သော ထင်း၊ မီးသွေးသုံးစွဲနေမှုကို အခြားလောင်စာသုံးစွဲနည်း အသုံးပြုနိုင်ရေးစီစဉ်ဆောင်ရွက်ပေးနိုင်ရန် လိုအပ်ကြောင်းအကြံပြုတင်ပြအပ်ပါတယ်။

ဒေသခံပြည်သူများအနေနဲ့ လူမှုဘဝနေ့စဉ်သုံးလောင်စာကို သဘာဝဓာတ်ငွေ့၊ ရေနံ၊ ထင်း အစားထိုးလောင်စာ ဒါမှမဟုတ် လျှပ်စစ်ဓာတ်အားစသည် တစ်ခုခုဖြင့် အစားထိုးပေးနိုင်ရန် စီစဉ်မပေးနိုင်ပါက ငါ့ဝမ်းပူစာမနေသာသကဲ့သို့ ထင်း ဒါမှမဟုတ် မီးသွေးကိုသုံးစွဲနေကြဦးမည့်အခြေအနေဖြစ်ခြင်းကြောင့် စိုက်ပျိုးသူ၊ ထိန်းသိမ်းသူ၊ ကာကွယ်သူနှင့် ခုတ်ယူသုံးစွဲသူများအကြားမှာ ပွတ်တိုက်မှုများရှိနေပြီးတော့ စီမံကိန်းများအပြည့်အဝအကောင်အထည်ဖော်နိုင်ရန် စိန်ခေါ်မှုတစ်ရပ်ရှိနေဦးမည်ဖြစ်ပါတယ်။ နိဂုံးချုပ်အနေနဲ့ ဒီရေတောများဟာ နိုင်ငံရဲ့လူမှုရေး၊ စီးပွားရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍများမှာ အရေးပါတဲ့သဘာဝသယံဇာတများဖြစ်တဲ့အပြင် နိုင်ငံရဲ့ထူးခြားတဲ့ အမျိုးသားရေးအမွေအနှစ်လည်းဖြစ်ပါတယ်။ ဒါကြောင့် ကမ်းရိုးတန်းဒေသများ၌ စီမံအုပ်ချုပ်လုပ်ကိုင်မှု၊ စီမံကိန်းများရေးဆွဲ၍ ဒီရေတောများပိုမိုစိုက်ပျိုး အကောင်အထည်ဖော်သွားရမည်ဖြစ်ပါကြောင်း ဆွေးနွေးတင်ပြရင်းနှင့် ဒေးဒရဲမဲဆန္ဒနယ်က ဒေါက်တာဒေါ်ခင်ညိုရဲ့ ဧရာဝတီတိုင်းဒေသကြီး၊ ဒေးဒရဲမြို့နယ်အတွင်းရှိ ပင်လယ်ကမ်းခြေတွင် ဒီရေတောများဖွဲ့စည်းပေးရန်အတွက် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ထောက်ခံအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

မူကြမ်း

**ဥက္ကဋ္ဌ။** ။ ဖျာပုံမဲဆန္ဒနယ်မှ ဦးဝင်းထွဋ် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဝင်းထွဋ်(ဖျာပုံမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဖျာပုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဝင်းထွဋ် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒေးဒရဲမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာဒေါ်ခင်ညို တင်သွင်းတဲ့အဆိုကို ဖြည့်စွက်ထောက်ခံဆွေးနွေးသွားမှာဖြစ် ပါတယ်။ လေးစားရပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၀၈ ခုနှစ်၊ မေလ ၂ ရက်နေ့မှာ တိုက်ခတ်ခဲ့တဲ့ နာဂစ် ဆိုင်ကလုံးမုန်တိုင်းဟာ မြန်မာနိုင်ငံအောက်ပိုင်းဒေသ မြို့နယ်ပေါင်း ၃၇ မြို့နယ်၊ လူဦးရေ ၂.၄ သန်း ထိခိုက်ခံစားခဲ့ရပြီးတော့ လူဦးရေ တစ်သိန်းကျော် သေကျေပျက်စီးခဲ့ရပါတယ်။ အထူးသဖြင့် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ ဟိုင်းကြီး၊ ပြင်စလူ၊ လပွတ္တာ၊ ဘိုကလေး၊ ဖျာပုံ၊ ဒေးဒရဲမြို့နယ်များ အကြီးအကျယ်ထိခိုက်ပျက်စီးခဲ့ရပါတယ်။ ပြင်းထန်စွာထိခိုက်ပျက်စီးခြင်းရဲ့ အဓိကအချက်တစ်ခု ကတော့ သဘာဝအရံအတားဖြစ်တဲ့ ဒီရေတောများ လျော့နည်းပျက်စီးသွားခြင်းပဲ ဖြစ်ပါတယ်။ နဂို မူလ ဒီရေတောများ ဖုံးလွှမ်းခဲ့တဲ့ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသဟာ လယ်မြေများ၊ ပုစွန်ကန်များ၊ ဆားကွင်းများနဲ့ လူနေကျေးရွာများ တိုးချဲ့ခြင်းနှင့်အတူ ဒေသအတွင်းလောင်စာ ထင်း၊ မီးသွေး အလွန် အကျွံထုတ်ယူခြင်းများကြောင့် တောများပြုန်းတီးပြီး ပျက်စီးနေတဲ့ ခုတ်လွန်တောပျက်အနည်းငယ်သာ ကျန်ရှိနေပါတယ်။ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသဟာ နုန်းတင်မြေနု မြေပြန့်ဒေသဖြစ်ပြီးတော့ ပင်လယ်နှင့်ထိစပ်နေတဲ့ ဒေသများဖြစ်ပါတယ်။ တောင်တန်း၊ ကုန်းမြင့်များမရှိခြင်း၊ ဆန်စပါးနှင့် ရေထွက်ကုန် ရေချို၊ ရေငန်ငါးဖမ်းလုပ်ငန်းများကိုသာ အဓိကထားလုပ်ကိုင်ကြတဲ့အတွက် အများစုမှာ မြစ်ချောင်းဘေး၊ ပင်လယ်ဝကျေးရွာများမှာ အခြေချနေထိုင်ကြခြင်း၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲပြီး မြစ်ချောင်းများကိုသာ အဓိကအားပြုသွားလာရခြင်း၊ ဆင်းရဲနွမ်းပါးမှုကြောင့် အသက်မွေး ဝမ်းကျောင်း လွယ်ကူရာအရပ်ရပ်သို့ ပြန့်ကျဲနေထိုင်ကြတဲ့အတွက် သတင်းအချက်အလက် သတိပေး ချက်များ လွယ်ကူစွာမရရှိခြင်းတို့ကြောင့် ဆိုင်ကလုံးမုန်တိုင်း၊ ဆူနာမီကဲ့သို့ သဘာဝဘေးအန္တရာယ် များ ကြုံတွေ့ခဲ့ရတဲ့အခါမှာ ပြေးစရာမြေမရှိဘဲနဲ့ အသက်၊ အိုးအိမ်စည်းစိမ်များ များစွာဆုံးရှုံးခဲ့ရပါ တယ်။ သို့ပါ၍ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသအတွက် ဒီရေတောများဟာ အလွန်လိုအပ်တဲ့ သဘာဝ အကာအရံတံတိုင်းများဖြစ်တယ်ဆိုတာ ထင်ရှားစွာတွေ့ရမှာဖြစ်ပါတယ်။

လေးစားရပါတဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ နာဂစ်မုန်တိုင်းအပြီး ၂၀၀၉ ခုနှစ်ကနေစပြီးတော့ နိုင်ငံတော်အစိုးရမှ နိုင်ငံတကာအဖွဲ့အစည်းများ JICA ၊ UNDP တို့ရဲ့အကူအညီနဲ့ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသဒီရေတောများ ထိန်းသိမ်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါတယ်။ သစ်တောဦးစီးဌာနရဲ့ စာရင်းဇယားများအရဆိုလို့ရှိရင် ဖျာပုံမြို့နယ်၊ ပျဉ်ဒရယ်ကြိုးဝိုင်းဧရိယာ ၁၂၉၆၂ ဧကရှိပြီးတော့ လူနေကျေးရွာများ၊ စိုက်ပျိုးမြေများကို တရားဝင်ပယ်ဖျက်ပြီးလက်ရှိမှာ စာရင်းအရ ၉၉၀၁၆ ဧကကျန်ရှိပါတယ်။ ၂၀၀၉ ခုနှစ်ကနေပြီးတော့ ၂၀၁၅ ခုနှစ်အထိတည်ထောင်ပြီးတဲ့စိုက်ခင်းတွေမှာ သစ်တောဦးစီးဌာန၊ JICA ၊ ပုဂ္ဂလိကစိုက်ခင်း၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင်စိုက်ခင်း စုစုပေါင်း ၇၈၁၃.၅ ဧကရှိပြီးတော့ ကြိုးဝိုင်းဧရိယာရဲ့ ၇.၉ ရာခိုင်နှုန်း စိုက်ပျိုးပြီးဖြစ်တယ်လို့ သိရပါတယ်။ ၂၀၁၆ ခုနှစ်မှာဆောင်ရွက်ဆဲလုပ်ငန်းတွေအနေနဲ့ သစ်တောဦးစီးဌာန ၃၀၀ ဧက၊ WIF အဖွဲ့ ၂၀၀ ဧက၊ သစ်တောဦးစီးဌာနနဲ့ Reecorp အဖွဲ့တို့ပူးပေါင်းပြီးတော့ ဒေသတွင်းပြည်သူအစုအဖွဲ့ပိုင်သစ်တော ၁၀၃၉၅ တို့ကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နေကြောင်းလည်း သိရပါတယ်။ ဒါပေမဲ့ လက်ရှိမြေပြင်အခြေအနေအရမှာ သစ်တောကြိုးဝိုင်းအတွင်းလယ်မြေများ၊ ပုစွန်ကန်များ၊ ကျေးရွာများ အမြောက်အမြားတည်ရှိနေဆဲဖြစ်တာကို တွေ့ရမှာဖြစ်ပါတယ်။ လက်ကျန်တောအနည်းငယ်မှာလည်း သစ်တောဝန်ထမ်းအင်အားနဲ့ ထိန်းသိမ်းစောင့်ရှောက်နိုင်မှုအားနည်းခြင်း၊ အဂတိတရားလိုက်စားခြင်းတို့ကြောင့် ဒေသတွင်းလိုအပ်ချက် လောင်စာ၊ ထင်းအဖြစ် ခုတ်ယူနေကြပြီးတော့ တောပျက်များသာ ကျန်ရှိနေပါတယ်။ ပြန်လည်ထူထောင်ထားသောစိုက်ခင်းအများစုမှာ အောင်မြင်မှုနည်းပါးပြီးတော့ ခုတ်ယူသုံးစွဲမှုများကို မတားဆီးနိုင်ကြောင်း တွေ့ရပါတယ်။ ပုဂ္ဂလိကစိုက်ခင်းများ၊ ဒေသခံအစုအဖွဲ့စိုက်ခင်းများဟာ နှစ် ၃၀ မြေငှားချထားပေးပြီးတော့ သဘာဝ တစ်နိုင်တစ်ပိုင် ငါး၊ ပုစွန်၊ ဂဏန်းမွေးမြူခြင်းနှင့် တွဲဖက်ဆောင်ရွက်နေကြခြင်း ဖြစ်ပါတယ်။ အချို့မှာ စီးပွားဖြစ် အကြီးအကျယ် ပုစွန်မွေးမြူရေးကိုသာ အဓိကထားပြီးတော့ သဘာဝတောများကို ခုတ်ယူခြင်း၊ သတ်မှတ်စိုက်ခင်းများကို မစိုက်ပျိုးဘဲနဲ့ ဟန်ပြသာ စိုက်ပြနေကြတဲ့အတွက် ထိထိရောက်ရောက်စစ်ဆေးအရေးယူဆောင်ရွက်ရန် လိုအပ်နေတာကိုလည်း တွေ့ရပါတယ်။ ဒီရေတောပြန်လည်ထူထောင်ရေးနှင့် ထိန်းသိမ်းရေးလုပ်ငန်းမှာ သစ်တောဝန်ထမ်းများနှင့် ဒေသခံပြည်သူများဟာ အဓိကအရေးပါဆုံးဖြစ်ပြီးတော့ ပညာပေးဆွေးနွေးခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း၊ လိုအပ်သောအထောက်အပံ့များပေးအပ်ခြင်းဖြင့်သာ အောင်မြင်အောင် ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီရေတောထိန်းသိမ်းရေး၊ စိုက်ပျိုးရေးနှင့်ပတ်သက်ပြီးတော့ အောက်ပါအချက်များကို ဆွေးနွေးတင်ပြလိုပါတယ်။ (၁) ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို ပြန်လည်ပြင်ဆင်ပြီးတော့ ပညာပေးခြင်း၊ ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်စေခြင်း၊ (၂) ပုဂ္ဂလိကလုပ်ငန်းရှင်စိုက်ခင်းများအစား နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းပြီးတော့ ဒေသခံပြည်သူအစုအဖွဲ့ပိုင်စိုက်ခင်းများကို သတ်မှတ်စည်းကမ်းနှင့်အညီ အောင်မြင်အောင် အကောင်အထည်ဖော်ရန် တွန်းအားပေးခြင်း၊ (၃) စိုက်ခင်းအတွင်း တစ်နိုင်တစ်ပိုင် သဘာဝပုစွန်၊ ဂဏန်းမွေးမြူခြင်းများကို အကန့်အသတ်ဖြင့်သာ ဆောင်ရွက်စေပြီးတော့ သတ်မှတ်စိုက်ခင်းများကို သတ်မှတ်ချိန်အတွင်း အကောင်အထည်ပေါ်စေရန် စနစ်တကျစိစစ်ကြပ်မတ် အရေးယူဆောင်ရွက်ခြင်း၊ (၄) သစ်တောကြိုးဝိုင်းပြင်ပ သောင်တိုးမြေများပေါ်မှာ ပုစွန်ကန်နှင့် ဂဏန်းပျော့မွေးမြူရေးလုပ်ငန်းများ လုပ်ဆောင်ရန် မြေလွတ်၊ မြေရိုင်းအသုံးပြုခွင့် လျှောက်ထားမှုများအား ခွင့်မပြုသင့်ဘဲ ဒီရေတောများပြန်လည်ထူထောင်ရန်အတွက် ထိန်းသိမ်းထားရှိသင့်ခြင်း၊ (၅) အဆင့်မြင့် ရေထွက်ကုန်ဖြစ်တဲ့ ကမာ၊ ခရုမွေးမြူနည်းပညာများကို ဒေသခံပြည်သူအစုအဖွဲ့များအား ဖြန့်ဝေပေးခြင်းဖြင့် ဒီရေတောစိုက်ခင်းများကို မထိခိုက်စေဘဲနဲ့ ဝင်ငွေတိုးတက်စေနိုင်ခြင်းတို့ဖြစ်ပါတယ်။ ထိုသို့ဆောင်ရွက်ခြင်းဖြင့် ဒေသခံများရဲ့ အသက်မွေးဝမ်းကျောင်းဘဝများ ပိုမိုကောင်းမွန်လာပြီးတော့ ဒေသလိုအပ်သော လောင်စာ၊ ထင်းအတွက်လည်း စိုက်ခင်းတိုးပွားမှ ထုတ်ယူသုံးစွဲနိုင်ပါတယ်။ အဓိကကတော့ သဘာဝအကာအရံ ဒီရေတောများကို ထူထောင်နိုင်ခြင်းဖြင့် နှစ်စဉ်နှစ်တိုင်း မုန်တိုင်းရာသီချိန်တွေမှာ စိုးရိမ်နေရတဲ့ ဒေသခံပြည်သူများ လုံခြုံစိတ်ချမှုရှိနိုင်မှာဖြစ်ပါတယ်။ သို့ပါ၍ လိုအပ်သောအစီအမံများကို အလျင်အမြန်ဆောင်ရွက်နိုင်မှသာ ဒီရေတောများနှင့်အတူ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသကို ကယ်တင်နိုင်မည်ဖြစ်ပါကြောင်း တင်ပြရင်း ဒေးဒရဲမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ခင်ညို တင်သွင်းသွားတဲ့အဆိုကို လေးလေးနက်နက်ထောက်ခံအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိတ္ထီလာမဲဆန္ဒနယ်မှ ဒေါက်တာမောင်သင်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာမောင်သင်း(မိတ္ထီလာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မိတ္ထီလာမဲဆန္ဒနယ်က ဒေါက်တာမောင်သင်းဖြစ်ပြီး ဒေါက်တာဒေါ်ခင်ညိုရဲ့အဆိုကို အချက်သုံးချက်ဖြင့် ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ Power Point ဖြင့် အသုံးပြုခွင့်ပြုပါခင်ဗျာ။ ကျွန်တော်ဆွေးနွေးမယ့်အချက်သုံးချက်ကတော့ မြန်မာ့ပညာရှင်များဟာ ဒီရေတောပျက်စီးမှုကို သတိပြု

ထိန်းသိမ်းခဲ့တယ်ဆိုတဲ့အချက်ရယ်၊ နာဂစ်မုန်တိုင်းဟာ လူ့ပယောဂရဲ့နောက်ဆက်တွဲ အကျိုးဆက်ဖြစ်တယ်ဆိုတဲ့အကြောင်းရယ်၊ နောက်တတိယအချက်အနေနဲ့ကတော့ သားစဉ်မြေးဆက် ကောင်းကျိုးဆက်စေမည့် ဒီရေတောထိန်းသိမ်းရေးအစီအစဉ်ဆိုတာတို့ပဲဖြစ်ပါတယ်ခင်ဗျာ။ ၁၉၈၀ ခုနှစ်မှာ ရန်ကုန်တက္ကသိုလ်နဲ့ မော်လမြိုင်တက္ကသိုလ် အဏ္ဏဝါသိပ္ပံဌာနတို့ပူးပေါင်းပြီး မြစ်ဝကျွန်းပေါ်ဒေသအချို့နဲ့ သံတွဲဒေသအချို့မှာ ဒီရေတောထိန်းသိမ်းရေးကို ဆောင်ရွက်ခဲ့ပါတယ်။ ယနေ့မှာလည်းပဲ မော်လမြိုင်တက္ကသိုလ်၊ ပုသိမ်တက္ကသိုလ်၊ မြိတ်တက္ကသိုလ်တို့ ဆက်လက်ဆောင်ရွက်လျက်ရှိတယ်ဆိုတာကို သိရှိရပါတယ်။ အဲဒီအချိန်တုန်းက ဒီရေတောကိုဖျက်ပြီး စပါးစိုက်ခင်းထူထောင်ရန်ကြိုးပမ်းနေတဲ့အချိန်ဖြစ်ပါတယ်။ ထို့အတူ ပုဂ္ဂလိကမီးသွေးထုတ်လုပ်မှု အရှိန်မြင့်တဲ့ကာလလည်းဖြစ်ပါတယ်။ တွေ့ရှိချက်အနေနဲ့ကတော့ ဒီရေတောပျက်စီးရင် ကုန်းတွင်းကို ရေငန်ဝင်ရောက်မှုများပြားလာခြင်း၊ မုန်တိုင်းဝင်ရောက်မှုကို ဟန့်တားနိုင်မှုမရှိခြင်း၊ ရေချို ရေငန် ငါး၊ ပုစွန်စားကျက်ပျောက်ဆုံးခြင်းတို့ကို တွေ့ရှိရတဲ့အတွက်ကြောင့် အဓိကအကြံပြုချက်နှစ်ချက်ကို တင်ပြခဲ့ပါတယ်။ ဒီရေတောဖျက်၍ စပါးစိုက်ပျိုးမှုကို ရပ်ဆိုင်းရန်နှင့် မီးသွေးထုတ်လုပ်မှုကို ထိန်းသိမ်းရန်ဆိုတဲ့အချက်ပဲဖြစ်ပါတယ်။ အဲဒီအချိန်က အစိုးရအနေနဲ့ အပိုဒ်(က)ဖြစ်တဲ့ ဒီရေတောဖျက်ပြီးတော့ စပါးစိုက်ပျိုးမှုကိုရပ်ဆိုင်းရန်ဆိုတဲ့အချက်ကို လိုက်လျောခဲ့ပါတယ်။ သို့သော်လည်းပဲ ရန်ကုန်မြို့ရဲ့ မီးဖိုချောင်လောင်စာမလုံလောက်မှုဖြစ်တဲ့ မီးသွေးထုတ်လုပ်မှုကိုတော့ ခေတ်အဆက်ဆက် မဟန့်တားနိုင်ခဲ့ပါဘူး။ နောင်မှာ မီးသွေးထုတ်လုပ်မှုဟာ နိုင်ငံခြားကိုပါ တင်ပို့တဲ့အတွက် တပ်မတော်က ဖမ်းဆီးခဲ့ရတာကို တွေ့ရပါတယ်။

ဒါကတော့ ဒီရေတောရှိတဲ့ဥစ္စာပါ။ ၁၉၈၀ ခုနှစ်မှာ ခုနစ်သိန်းကျော်ရှိပြီးတော့ ၂၀၀၇ ခုနှစ်မှာ ခုနစ်ဆ ကျဆုံးခဲ့တာကို တွေ့ရပါမယ်။ ကျွန်တော်တို့ ဒီရေတောပျက်စီးခြင်းဟာ အဲဒီတုန်းက စပါးစိုက်ခင်းမရှိခဲ့ပေမယ့် နောက်ပိုင်းမှာ စပါးရေနက်စိုက်ခင်းတွေကို ပြန်လည်ထူထောင်လာတာကို တွေ့ရပါမယ်။ ဒါ့အပြင် လူနေအိမ်ခြေတိုးချဲ့လာတာတို့၊ အခုနက ပြောခဲ့တဲ့ ဆွေးနွေးသွားသူများ ပြောခဲ့တဲ့ ငါး၊ ပုစွန်စိုက်ခင်းတွေရှိပါတယ်။ ဒါကတော့ မီးသွေးထုတ်လုပ်တာပါ။ ဒီအတိုင်းဆက်သွားခဲ့မယ်ဆိုလို့ရှိရင် ဧရာဝတီဒေသမှာ နောက်ဆုံးဒီရေတောဟာ နည်းနည်းလေးပဲကျန်တော့မယ်ဆိုတဲ့အကြောင်းကို ၂၀၀၈ ခုနှစ်က ပြထားတာပါ။ နာဆာ၏ ခန့်မှန်းချက်အရ ၂၀၀၀ ခုနှစ်အထက်ကို ၂၀၃၀ မှာ အခုထက် နှစ်ဆလျော့နည်းသွားမယ်ဆိုတဲ့အကြောင်း ခန့်မှန်းတွက်ချက်ထားချက်ပါ။ အဲဒါဟာ ဘယ်လောက်လျော့မလဲဆိုလို့ရှိရင် ခြောက်ဆတိတိလျော့သွားပါလိမ့်မယ်။ ဒုတိယအချက်

အနေနဲ့ တင်ပြလိုတာကတော့ အားလုံးကမြင်ပါတယ်။ ဆိုင်ကလုံးမုန်တိုင်းဟာ ဘာဖြစ်တာလဲဆိုလို့ရှိရင် သူ့ဘာသူ သဘာဝအလျောက်ဖြစ်တယ်လို့ထင်ပါတယ်။ ဒါပေမဲ့ ဒါဟာဘာဖြစ်လဲဆိုရင် လူလုပ်ခဲ့တဲ့ နောက်ဆက်တွဲပါပဲ။ ဆိုင်ကလုံးရဲ့သဘောဟာ မျက်နှာပြင်ညီလို့ရှိရင် လည်ပြီးတော့ မျက်နှာပြင်မညီလို့ရှိရင် အားနည်းသွားပါတယ်။ Cyclone Shelter တွေဟာ မုန်တိုင်းဒဏ်ကို ခံနိုင်ပေမယ့် တကယ်တမ်းကျတော့ မုန်တိုင်းကို အားပျော့အောင်တော့ မလုပ်နိုင်ပါဘူး။ ဒါက တက္ကသိုလ်တွေကဆောင်ရွက်တဲ့ ပုသိမ်တက္ကသိုလ်ရဲ့ စိုက်ခင်းလေးပါ။ ခုနကဒီရေတောတွေရဲ့ သစ်ပင်မျက်နှာပြင်ဟာ ဘာဖြစ်လဲဆိုလို့ရှိရင် မညီမညာဖြစ်တဲ့အတွက်ကြောင့် ဆိုင်ကလုံးမလည်နိုင်ပါဘူး။ ဒါကြောင့်မို့လို့ ဆိုင်ကလုံးကို အားနည်းသွားအောင် လုပ်နိုင်ပါတယ်။ ဒီ့အတွက် ဒီရေတောဟာ ဘာဖြစ်လဲဆိုလို့ရှိရင် ခုနက Cyclone Shelter ထက်စာလို့ရှိရင် အန္တရာယ်ကိုကာကွယ်နိုင်တယ်။ အန္တရာယ်ကိုတားဆီးတယ်။ ဒါ့အပြင် မုန်တိုင်းကိုပါ ပျက်ပြယ်စေပါတယ်။

တတိယအချက်အနေနဲ့ကတော့ ပညာရေးဝန်ကြီးဌာနက UNESCO နဲ့ပေါင်းပြီးတော့ ကျွန်တော်တို့ နှစ်ရှည်လများ ပညာရေးမြှင့်တင်မှုတွေကို လုပ်ခဲ့ပါတယ်။ ဒါပေမဲ့ ၁၉၈၀ ခုနှစ်ကနေ ၁၉၉၃ ခုနှစ်အထိ UNESCO က ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက်၊ အခြေခံကျောင်းတွေအတွက် အတွဲ ပေါင်း ၄၈ တွဲလုပ်ခဲ့ပေမယ့် ကနေ့အထိ မြန်မာ့သင်ရိုးညွှန်းတမ်းတွေမှာ ဘာဖြစ်လဲဆိုလို့ရှိရင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအကြောင်း ဂယနဏသင်ကြားခဲ့ခြင်းမရှိခဲ့ပါဘူး။ ဒါကြောင့်မို့လို့ လူတွေက ခုနကတင်ပြခဲ့သလိုပဲ နာဂစ်မုန်တိုင်းဟာ ဘာဖြစ်လဲဆိုရင် သဘာဝဘေးအန္တရာယ်သက်သက်လို့ ထင်ပါတယ်။ တကယ်တမ်းကျတော့ ကျွန်တော်တို့တစ်တွေ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအသိပညာကိုယ်ခံအားနည်းမှုကြောင့် နောက်ဆက်တွဲပေါ်ပေါက်လာတဲ့ပြဿနာဆိုပြီးတော့ ကျွန်တော်တို့ ထည့်တွက်ရပါမယ်။ တစ်နည်းအားဖြင့် ကျောင်းတွေမှာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာကို ကနေ့အထိ မသင်ပေးခဲ့တဲ့အကျိုးတွေပါပဲ။ ဒါကြောင့်မို့လို့ နောက်ဆုံးအနေနဲ့ Cyclone Shelter လည်း ကယ်ပါ။ ဒါပေမဲ့ ဘာဖြစ်လဲဆိုလို့ရှိရင် ဒီ့ထက်ကောင်းတာက ဒီရေတောကိုထိန်းသိမ်းပါ။ သားစဉ်မြေးဆက်ကောင်းကျိုးဆက်စေချင်တယ်ဆိုလို့ကတော့ ကျွန်တော်တို့ အခြေခံပညာကျောင်းတွေမှာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာကို သင်ပေးပြီးတော့ ဒေးဒရဲမြို့နယ်သာမက မြန်မာတစ်ပြည်လုံးမှာရှိတဲ့ ဧရာဝတီ၊ ရခိုင်၊ တနင်္သာရီတို့တွင်ပါ ဒီရေတောထိန်းသိမ်းမှုကို မဖြစ်မနေဆောင်ရွက်သင့်ကြောင်း ဒေါက်တာဒေါ်ခင်ညို၏အဆိုကို အလေးအနက်ထောက်ခံအဆိုပြုရင်း နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

မူကြမ်း

**ဥက္ကဋ္ဌ။** ။ ဆင်ပေါင်ဝဲမဲဆန္ဒနယ်မှ ဦးနေထက်ဝင်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးနေထက်ဝင်း(ဆင်ပေါင်ဝဲမဲဆန္ဒနယ်)။** ။ လေးစားရပါတဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာကြတဲ့ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေထက်ဝင်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မေလ ၃၀ ရက်နေ့ကတင်သွင်းခဲ့တဲ့ ဒေးဒရဲမဲဆန္ဒနယ်က ဒေါက်တာဒေါ်ခင်ညိုရဲ့အဆိုကို အလေးအနက်ထောက်ခံအကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံမှာ နာဂစ်မုန်တိုင်းဖြစ်ပြီးမှ ဒီရေတောတွေရဲ့အရေးပါ အကျိုးပြုမှုတွေကို လူတွေပိုမိုသတိထားမိလာတာဖြစ်ပါတယ်။ သို့ပေမယ့် ဝမ်းနည်းစရာကောင်းတာက လူတွေရဲ့ကိုယ်ကျိုးအတ္တတွေကြောင့် ဒီရေတောတွေဟာ မြန်မာနိုင်ငံသာမက ကမ္ဘာ့ဒီရေတောပေါက်ရောက်ရာ နိုင်ငံအသီးသီးမှာပါ ဒီရေတောပြုန်းတီးမှုအန္တရာယ်ကို ရင်ဆိုင်ကြုံတွေ့နေရပါတယ်။ ကမ္ဘာ့ဒီရေတောတွေဟာ အပူပိုင်းနှင့် သမပိုင်းဒေသရှိ နိုင်ငံပေါင်း ၁၂၃ နိုင်ငံမှာ ပေါက်ရောက်ပြီး ဒီရေတောသစ်မျိုးပေါင်း ၇၃ မျိုးခန့်ရှိပါတယ်။ မူလက ကမ္ဘာ့ဒီရေတောဧရိယာဟာ စတုရန်းကီလိုမီတာ ၂၀၀၀၀၀ နီးပါးရှိခဲ့ရာမှ စတုရန်းကီလိုမီတာ ၅၀၀၀၀ ခန့်ဆုံးရှုံးသွားခဲ့ပြီး လက်ရှိအခြေအနေမှာတော့ စတုရန်းကီလိုမီတာ ၁၅၀၀၀၀ ဝန်းကျင်ခန့်သာ ကျန်ရှိပါတော့တယ်။ ၁၉၈၁ ခုနှစ်မှစလို့ နှစ်စဉ် ၁.၀၄ နှုန်းပျက်စီးရာမှ ၂၀၀၅ ခုနှစ်တွင် ဝ.၆၆ နှုန်း ပျက်စီးလျက်ရှိရာ ကမ္ဘာ့သစ်တောပြုန်းတီးမှုရာခိုင်နှုန်းထက် ၃ ဆမှ ၅ ဆအထိရှိနေပြီး ယနေ့အချိန်အထိလည်း ဆက်လက်ပျက်စီးနေဆဲပင်ဖြစ်ပါတယ်။ ၂၀၁၀ ခုနှစ် တိုင်းတာချက်များအရ မြန်မာနိုင်ငံမှာ ဒီရေတောဧက ၁၂ သိန်း ကမ္ဘာ့ဒီရေတောဧရိယာရဲ့ ၃.၃ ရာခိုင်နှုန်းရှိခဲ့ရာမှ နှစ်စဉ် ဒီရေတောပျက်စီးမှုနှုန်းဟာ တိုးတက်မြင့်မားလျက်ရှိနေပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံရဲ့ ဒီရေတောများပျက်စီးပြုန်းတီးရတဲ့ အကြောင်းအရင်းတွေကို လေ့လာကြည့်မယ်ဆိုရင် နေရာအသုံးချမှုပုံစံပြောင်းလဲလာခြင်း၊ ဒီရေတောနေရာများအား ခုတ်ထွင်၍ လယ်ကွင်း၊ လူနေအိမ်များလုပ်ဆောင်လာခြင်း၊ ဒီရေတောအနီး သတ္တုတူးဖော်ခြင်း၊ ဆားချက်ခြင်း၊ ငါး၊ ပုစွန်များမွေးမြူခြင်း၊ စပါးစိုက်ခြင်း၊ မီးသွေးဖုတ်ခြင်း စတဲ့အချက်တွေကို တွေ့ရမှာဖြစ်ပါတယ်။ တဖန် ဒီရေတောစိုက်ပျိုးခြင်းရဲ့ အကျိုးကျေးဇူးတွေကို လေ့လာကြည့်မယ်ဆိုရင်တော့ ကမ္ဘာကြီးပူနွေးလာမှုဟာ လေထုအတွင်း ကာဗွန်ဒိုင်အောက်ဆိုဒ်ထုတ်လွှင့်မှုပမာဏ မြင့်မားလာခြင်းကြောင့်ဆိုတာ အားလုံးသိကြပြီးဖြစ်ပါတယ်။ ဒီရေတောတွေဟာ ကာဗွန်ဒိုင်အောက်ဆိုဒ်စုပ်ယူပေးပြီး

ဒီရေတောများမှ နှစ်စဉ်စုပ်ယူနိုင်တဲ့ပမာဏဟာ တောင်ပေါ်ဒေသတောခြောက် (Dry Deciduous Forest) နှစ်ဆမျှ စုပ်ယူနိုင်တယ်လို့ သိရပါတယ်။ ဒီရေတောဂေဟစနစ်ဟာ ကာဗွန်ဒိုင်အောက်ဆိုဒ် စုပ်ယူပေးနိုင်ရုံသာမက ကမ်းရိုးတန်းဒေသများမှာဖြစ်လေ့ရှိတဲ့ မုန်တိုင်းဒဏ်များမှ အကာအကွယ်ပေးခြင်း၊ မြေပြိုတိုက်စားခြင်း၊ ရေလွှမ်းမိုးခြင်း၊ မြစ်ချောင်းများမှသယ်ဆောင်လာသော နုန်းတွေကို ဖမ်းယူ၍ မြေသားများထိန်းညှိပေးခြင်း၊ ဒေသခံပြည်သူများအတွက် ငါးဖမ်းအသက်မွေးမှုကိုပေးခြင်း၊ ရေအရင်းအမြစ်အရည်အသွေးကို ထိန်းသိမ်းပေးခြင်း၊ မြစ်ချောင်းများမှ သယ်ဆောင်လာတဲ့ အညစ်အကြေးများကိုသန့်စင်ပေးခြင်း၊ ဘယဆေးများရရှိခြင်း၊ ခရီးသွားလုပ်ငန်းကို အထောက်အကူပေးခြင်း စတဲ့ သဘာဝဝန်းကျင် ထိန်းသိမ်းရေးသာမက လူမှုအကျိုးစီးပွားအတွက်ပါ အကျိုးကျေးဇူးပြုနိုင်တယ်ဆိုတာကို တွေ့ရမှာဖြစ်ပါတယ်။ ဒီရေတောတွေရဲ့တန်ဖိုးဟာ ဒီလို သဘာဝကပေးတဲ့ အကျိုးတရားတွေကြောင့်တန်ဖိုးဖြတ်လို့မရနိုင်ပါဘူး။

သို့ဖြစ်ပါ၍ ကျွန်တော့်အနေဖြင့် အောက်ပါအချက်များကို အကြံပြုတင်ပြလိုပါတယ်။ (၁) ဧေးဒရဲမြို့နယ်တွင်သာမက ဒီရေတောများပြန်လည်ထူထောင်ရန် လိုအပ်လျက်ရှိသည့် မည်သည့်နေရာဒေသတွင်မဆို ဒီရေတောများ ထူထောင်သွားရန်၊ (၂) ယခင်အစိုးရလက်ထက် သစ်တောဦးစီးဌာနအောက်တွင်ရှိခဲ့သော ဒီရေတောဌာနခွဲကို အဆင့်မြှင့်တင်ပြီး ဒီရေတောပြုစုပျိုးထောင်ထိန်းသိမ်းကာကွယ်ခြင်းလုပ်ငန်းများအား စနစ်တကျလုပ်ဆောင်သွားရန်၊ (၃) ဒီရေတောနှင့်ပတ်သက်သည့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့် အမြန်ဆုံးပြဋ္ဌာန်းသတ်မှတ်အကောင်အထည်ဖော်သွားရန်၊ (၄) ဒေသခံပြည်သူလူထုရဲ့ ပူးပေါင်းပါဝင်မှု အထူးလိုအပ်သဖြင့် ဒီရေတောနှင့်ပတ်သက်သည့် အသိပညာ၊ ဗဟုသုတများ ဖြန့်ဝေနိုင်ဖို့ ပညာပေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်သွားရန်၊ (၅) နိုင်ငံတစ်ဝန်းလုံးတွင် လက်ရှိကျန်ရှိနေသော ဒီရေတောဧရိယာများနှင့် ထပ်မံတိုးချဲ့လုပ်ဆောင်မည့် ဒီရေတောဧရိယာများကို စနစ်တကျစာရင်းဇယားကောက်ယူသတ်မှတ်ထား၍ ဒီရေတောပြုန်းတီးမှုကို ဖြစ်စေသည့် အကြောင်းတရားများကို ကာကွယ်သွားရန် စတဲ့အချက်တွေကို ကျွန်တော့်အနေနဲ့ အကြံပြုဆွေးနွေးတင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံဟာ သစ်တောပြုန်းတီးမှုကြောင့် ရာသီဥတုဖောက်ပြန်ခြင်းဆိုတဲ့ အန္တရာယ်ဆိုးကြီးကို ကြုံတွေ့နေရပါတယ်။ သစ်တောပြုန်းတီးမှုများထဲမှာ ဒီရေတောပြုန်းတီးမှုဟာလည်း တစ်ခုအပါအဝင်ပဲဖြစ်ပါတယ်။ သဘာဝဝန်းကျင်ကိုထိန်းသိမ်းဖို့၊ ရာသီဥတုကောင်းမွန်

မျှတဖို့ နိုင်ငံတစ်ဝန်း သစ်တောသစ်ပင်တွေ ပြန်လည်ထူထောင်တဲ့နေရာမှာ ဒီရေတောစိုက်ခင်းတွေ ထူထောင်ဖို့ဟာလည်း အလွန်အရေးကြီးလှပါတယ်။

သို့ပါ၍ နိဂုံးချုပ်အားဖြင့် ဆိုရလျှင် မိမိအနေဖြင့် ဒီရေတောတွေရဲ့ တန်ဖိုး၊ ဒီရေတောတွေရဲ့ အကျိုးကို သိမြင်ကာ ဧရာဝတီတိုင်းဒေသကြီး၊ ဒေးဒရဲမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်ညိုရဲ့အဆိုကို ကျွန်တော့်အနေဖြင့် လေးလေးနက်နက် ထောက်ခံအကြံပြုဆွေးနွေးအပ်ပါတယ်။ အားလုံးကို ကျေးဇူး တင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးမျိုးကိုကို ဆွေးနွေးဖို့ဖြစ် ပါတယ်။

**ဗိုလ်မှူးမျိုးကိုကို(တပ်မတော်သားကိုယ်စားလှယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သ အပ်ပါ တယ်။ ကျွန်တော်ကတော့ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးမျိုးကိုကို ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ဒေးဒရဲမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ခင်ညို၏ အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ကျွန်တော့်ဆွေးနွေးမှုအား Power point ဖြင့် တင်ပြခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ဒီရေတောဆိုသည်မှာ ကမ်းရိုးတန်း ဒေသများတွင် အတက် အကျရှိသော ဧရိယာများတွင် ပေါက်ရောက်သည့် ဆားအငန်ဓာတ် ကိုခံနိုင်သည့် သစ်တောဂေဟ စနစ်များအဖြစ် အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။ ဒီရေတောများကို မြောက်လတ္တီကျူ့ ၃၀ ဒီဂရီ၊ တောင်လတ္တီကျူ့ ၃၀ ဒီဂရီကြား အပူပိုင်းနှင့် အပူပိုင်းသမပိုင်းဒေသများရှိ ကမ်းရိုးတန်းဧရိယာ များတွင် တွေ့ရှိရပြီး ထုတ်လုပ်မှုစွမ်းအား အကောင်းဆုံးဂေဟစနစ်များ ဖြစ်ပါသည်။ ဒီရေတောများ ဟာ ကုန်းတွင်းပိုင်းနှင့် ပင်လယ်ဆက်စပ်လျက်ရှိတဲ့နေရာဒေသတွင် ပေါက်ရောက်သဖြင့် ကုန်းတွင်း ဂေဟစနစ်နဲ့ အဏ္ဏဝါ ဂေဟစနစ်နှစ်မျိုးလုံး ပါဝင်ဖွဲ့စည်း လျက်ရှိသဖြင့် ဇီဝမျိုးစုံမျိုးကွဲ ပေါများ ကြွယ်ဝစွာပါဝင်နေတာကို တွေ့ရှိရပါတယ်။ ရေနေ သတ္တဝါများသည် ဒီရေတောဂေဟစနစ်ကို မှီခို၍ ရှင်သန်ပေါက်ဖွားကြ သောကြောင့် ဒီရေတောမရှိပါက ငါး၊ ပုစွန်များပင်ပျောက်ကွယ်သွားမည်ဆိုသည့် There is no Mangrove၊ There is no Fish ဒေသဆိုရိုးစကားတွင် ဂျပန်နိုင်ငံ၊ အိုမီဂါဝါကျွန်း၌ပင် ကျန်ရှိခဲ့ပါသည်။ ကျွန်တော်တို့ မြန်မာနိုင်ငံဟာ ၁၈၃၅ ကီလိုမီတာရှည်လျားသော ကမ်းရိုးတန်းကို ပိုင်ဆိုင် ထားပြီး တနင်္သာရီကမ်းရိုးတန်းဒေသ၊ ရခိုင်ကမ်းရိုးတန်းဒေသ၊ မြစ်ဝကျွန်းပေါ်ဒေသတို့တွင်

ဒီရေတော များကို အများအပြားတွေ့ရှိရပါတယ်။ ၂၀၁၀ ခုနှစ်၊ World Mangrove Atlas မှတ်တမ်းအရ မြန်မာနိုင်ငံဟာ ကမ္ဘာ့ဒီရေတော စုစုပေါင်းဧရိယာ ၃.၃ ရာခိုင်နှုန်းရှိပြီး ဒီရေတောဧရိယာ ၅၀၂၉ စတုရန်းကီလိုမီတာ ပေါက်ရောက်လျက်ရှိပြီး အာရှဒေသမှာ တတိယ အများဆုံးနှင့် ကမ္ဘာပေါ်မှာ သတ္တမမြောက်အများဆုံး ဒီရေတောပေါက်ရောက်တဲ့ နိုင်ငံဖြစ်ပါတယ်။ မြန်မာ့ဒီရေတောများဟာ ထင်း၊ မီးသွေး အလွန်အကျွံ ထုတ်ယူသုံးစွဲမှုများကြောင့် ခုတ်လွှန်ဒီရေတော ပျက်များအဖြစ် ပြောင်းလဲခဲ့ပြီး လူဦးရေတိုးပွားလာခြင်း၊ လယ်မြေ၊ ဆားကွင်းမြေ၊ ပုစွန်ကန်နှင့် လူနေကျေးရွာများ ဝင်ရောက် ကျူးကျော်ခဲ့ခြင်းတို့ကြောင့် ၁၉၈၀ ခုနှစ်မှ ၂၀၁၀ ခုနှစ်အတွင်း ၅၀ ရာခိုင်နှုန်းသာ ကျန်ရှိကြောင်း မှတ်တမ်းများအရ သိရှိရပါတယ်။ မြန်မာနိုင်ငံတွင် ဒီရေတောများ ဆုံးရှုံးရခြင်းကို ကြုံတွေ့နေရ သကဲ့သို့ အရှေ့တောင်အာရှနိုင်ငံများတွင်လည်း အလားတူပြဿနာများ ကို ရင်ဆိုင်နေရပါတယ်။ ကျွန်တော်တို့နိုင်ငံတွင် ဒီရေတောများလျော့နည်းသွားရခြင်းရဲ့ အဓိက အကြောင်းအရင်းမှာ မြစ်ဝကျွန်းပေါ်ဒေသတွင် လယ်ယာမြေများတိုးချဲ့ခြင်း၊ ပုစွန်ကန်တူးဖော်ခြင်း၊ ဆားကွင်းများတည်ထောင်ခြင်းနှင့် ရခိုင်ပြည်နယ်မှာ ပုစွန်ကန်များ တိုးချဲ့ခြင်းနှင့် တနင်္သာရီတိုင်း ဒေသကြီးတွင် လုပ်ငန်းသုံးမျောတိုင်၊ မဒမတိုင်များခုတ်ယူခြင်း၊ မီးသွေးထုတ်ယူခြင်းများကြောင့် မြန်မာ့ဒီရေတောများ ပျက်စီးဆုံးရှုံးနေရာ တာကို လေ့လာတွေ့ရှိခဲ့ရပါတယ်။ ၁၉၂၄ ခုနှစ်မှစ၍ ဧရာဝတီတိုင်းဒေသကြီးအတွင်း ဒီရေတော ကြိုးဝိုင်းကိုးဝိုင်းအဖြစ် သတ်မှတ်ထားခဲ့ပါတယ်။ ၁၉၂၄ ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိ ဧရာဝတီတိုင်း ဒေသကြီးအတွင်း ဒီရေတောကြိုးဝိုင်းကိုးဝိုင်း၏ နှစ်အလိုက် ဒီရေတော ပျက်စီးအခြေပြဇယားမှာ ဆိုရင် ညီနောင်၊ ကလရိုက်၊ လပွတ်ကွဲကြိုးဝိုင်းသုံးဝိုင်းမှာ ဒီရေတောများ ပျောက်ကွယ်လုနီးပါး ဖြစ်နေခြင်း၊ မိန်းမလှကျွန်းကြိုးဝိုင်းတွင်သာ ၈၂ ရာခိုင်နှုန်း ကျန်ရှိကြောင်း လေ့လာတွေ့ရှိရပါတယ်။ ဒီရေတောမှ ထုတ်ယူနိုင်တဲ့ သတ်မှတ်ကုဗပေထက်များစွာ ထုတ်ယူခြင်း၊ လူတို့၏ တရားဝင်၊ တရားမဝင်နည်းလမ်းများတွင် ပိုမိုထုတ်ယူခဲ့ခြင်းကြောင့် ဒီရေတော အတန်းအစားများ လျော့ကျ သွားခဲ့ရပြီး ခုတ်လွှန်ဒီရေတောပျက်များအဖြစ်ရောက်ရှိခဲ့ရပါတယ်။ ၂၀၀၈ ခုနှစ်၊ မေလ ၂ ရက်နေ့တွင် ကျရောက်ခဲ့တဲ့ နာဂစ်ဆိုင်ကလုံးမုန်တိုင်းတိုက်ခတ်ခဲ့ရာ မြစ်ဝကျွန်းပေါ်နေ ပြည်သူလူထုများမှာ အသက်ပေါင်းများစွာ စတေးခဲ့ရပြီး အိမ်ခြေ၊ လယ်ယာ၊ စိုက်ခင်းမြောက်မြားစွာ ပျက်စီးဆုံးရှုံး ခဲ့ရပါတယ်။ နာဂစ်မုန်တိုင်းကာလအတွင်း မုန်တိုင်းလမ်းကြောင်းပေါ်မှာရှိတဲ့ မိန်းမလှကျွန်း ဘေးမဲ့တောတွင် မုန်တိုင်းအမြင့်ဆုံးဒီရေ ၂၂ ပေမှ ခြောက်ပေခန့် တက်ရောက်ခဲ့

သော်လည်း ဒီရေတောများ တည်ရှိသဖြင့် မိန်းမလှကျွန်း ဘေးမဲ့တောတွင် တာဝန်ထမ်းဆောင်တဲ့ ဝန်ထမ်းများအားလုံးဟာ အသက်ဘေးအန္တရာယ်မှ လွတ်မြောက်ခဲ့ရပါတယ်။

ဒီရေတောများ မရှိတော့သော မြစ်ဝကျွန်းပေါ်ဒေသများတွင် အသက်ပေါင်းမြောက်မြားစွာ စတေးခဲ့ရသည့်ဖြစ်စဉ်များမှာ ဒီရေတောများ၏ အရေးပါမှုကို ဖော်ပြလျက်ရှိပါတယ်။ ထို့ကြောင့် ဒီရေတောများဟာ ဒေသခံပြည်သူလူထုကို မုန်တိုင်းများ၊ ကြီးမားသော ဒီရေလှိုင်းများဒဏ်မှ အကာအကွယ် ပေးနိုင်ခဲ့ပါတယ်။ နာဂစ်မုန်တိုင်းအလွန်ကာလအတွင်း ပြည်သူလူထုအတွင်း ဒီရေတောများ၏အရေးပါမှုကို လေ့လာကာ ထိန်းသိမ်းရေးလုပ်ငန်းများကို နိုးကြားတက်ကြွစွာ ပူးပေါင်းဆောင်ရွက်လာခဲ့ကြပြီး ၂၀၀၈ ခုနှစ်မှ ၂၀၁၀ ခုနှစ်အထိ မုန်တိုင်းဒဏ်ခံရသော ဘိုကလေး မြို့နယ်၊ ဖျာပုံမြို့နယ်၊ လပွတ္တာမြို့နယ်တို့တွင် သစ်တောဦးစီးဌာန၊ NGO အဖွဲ့အစည်းများနှင့် ပြည်သူ လူထုများပူးပေါင်း၍ ဒီရေတောစိုက်ခင်း ၆၂၇၆ ဧက၊ အစုအဖွဲ့ပိုင်စိုက်ခင်း ၄၀၀ ဧက၊ ကျေးရွာနေ ပြည်သူလူထုအား လမု၊ သမဲ့ကြီးမျိုးစေ့ဖြန့်ဝေခြင်း ၇၀၂၆၈၄ ပင်အား ဖြန့်ဖြူးနိုင်ခဲ့ပါတယ်။ မြန်မာ့ ကမ်းရိုးတန်းတစ်လျှောက်နှင့် မြစ်ဝကျွန်းပေါ်ဒေသတွင် တာဝန်ထမ်းဆောင်လျက်ရှိသော တိုင်းစစ်ဌာန ချုပ်များအလိုက် မုန်တိုင်းကာကွယ်ရေးအတွက် ဒီရေတောစိုက်ခင်းများအား စီမံချက်ရေးဆွဲပြီး ၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်အတွင်း မျိုးစေ့အပင်ပေါင်း ၁၂၂၆၉၆ ပင် စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဧရာဝတီ တိုင်းဒေသကြီးအတွင်း INGO အဖွဲ့အစည်းများဖြစ်သော UNDP, FAO, JICA အဖွဲ့အစည်းများဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ၂၀၁၃-၂၀၁၇ ခုနှစ် ကဒုံကနိသစ်တောကြိုးဝိုင်းအတွင်း ဒီရေတော စိုက်ခင်းဧက ၂၈၅၂ ဧက တည်ထောင်ရေးစီမံကိန်းအား JICA နှင့် သစ်တောဦးစီးဌာန ပူးပေါင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ သို့ရာတွင် ဒီရေတောများ စိုက်ပျိုးမှုတစ်ခုတည်း ဖြင့် ရည်မှန်းချက်အောင်မြင်နိုင်မည် မဟုတ်ပါ။ ဒေသခံပြည်သူလူထုများအနေဖြင့် စားသောက် နေထိုင်မှုကိစ္စရပ်များအတွက် လိုအပ်သောစွမ်းရည်ကို ထင်းလောင်စာသုံးစွဲနေခြင်းကြောင့် အစားထိုး အသုံးပြုနိုင်ရေး စီမံဆောင်ရွက်ပေးရန် လိုအပ်ပါတယ်။ သို့မဟုတ်ပါက လူဦးရေတိုးပွားလာခြင်း ကြောင့် လောင်စာလိုအပ်ချက် ပိုမိုမြင့်မားလာမည့်ကိစ္စအတွက် အလွယ်တကူဖြေရှင်းနိုင်မည်ဖြစ်ရာ ဆုံးရှုံးမှုများတိုးတက်လာမည်ဖြစ်၍ ပြည်သူလူထု၏ လိုအပ်ချက်အပေါ် ဖြည့်ဆည်းပေးနိုင်ရေး စီမံဆောင်ရွက်ခြင်း၊ ဝန်ထမ်းအင်အားဖြည့်ဆည်းခြင်း၊ လူထုလှုပ်ရှားမှုအသွင် ဆောင်ရွက်ခြင်း၊ ဒေသခံ များသိရှိနားလည်ပြီး ကျယ်ကျယ်ပြန့်ပြန့် ပညာပေးစီမံဆောင်ရွက်ခြင်းများကို ဆောင်ရွက်သင့်ပါ တယ်။ ထို့အပြင် ဒီရေတောထိန်းသိမ်းရေးလုပ်ငန်းများ ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရေးအတွက်

ဒီရေတောထိန်းသိမ်းရေးဆိုင်ရာဥပဒေ၊ မူဝါဒများ ပြဋ္ဌာန်းနိုင်ရေးမှာလည်း အဆောတလျင်လိုအပ် လျက်ရှိနေကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ နိဂုံးချုပ်အားဖြင့် မြန်မာနိုင်ငံဟာ သဘာဝ ဘေးအန္တရာယ်ထိခိုက်နိုင်ခြေများသည့်နိုင်ငံဖြစ်ကြောင်း ပညာရှင်များရဲ့ ခန့်မှန်းချက်များအရ နိုင်ငံတော်၏ ရှည်လျားသော ကမ်းရိုးတန်းဒေသများ၏ သဘာဝတံတိုင်းသဖွယ် ဖန်တီးပေးထားသော ဒီရေတောများကို လူသားတို့၏ ပယောဂကြောင့် ပျက်စီးဆုံးရှုံးခဲ့ရပါက တိုင်းရင်းသားပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးခြင်းမှ နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေးဆိုင်ရာ လုံခြုံမှု ပျက်ပြားစေကာ နိုင်ငံတော်ရဲ့ အမျိုးသားအကျိုးစီးပွားထိခိုက်စေမည်ဖြစ်၍ ဒီရေတောများကို ကြိုတင် ကာကွယ်ရေးစီမံချက်အား စနစ်တကျချမှတ်ရေး ဦးစားပေးဆောင်ရွက်ရန်အဆိုကို ထောက်ခံတင်ပြ အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ်က ဦးအေးနိုင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးအေးနိုင်[ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ်]**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးအေးနိုင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ သယံဇာတနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာကော်မတီကိုယ်စား ဒေါက်တာဒေါ်ခင်ညိုရဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသဟာ သမိုင်းတစ်လျှောက် ဒီရေတောတွေအများဆုံးရှိခဲ့တဲ့ နေရာဖြစ်ပါတယ်။ လွတ်လပ်ရေးရခဲ့တဲ့အချိန်ကစပြီး နိုင်ငံမှာ ဒီရေတောနေရာ ခုနစ်ခုကို သတ်မှတ် ထိန်းသိမ်းစောင့်ရှောက်ခဲ့တာ တွေ့ရပါတယ်။ အဲဒါတွေကတော့ လင်းပျောက်၊ ကြာကန်ကွင်းပေါက်၊ ပြည်နှစ်လံ၊ ကက္ကလံ၊ မိန်းမလှကျွန်း၊ ကဒုံကနိနဲ့ ပြင်းသရေတို့ဖြစ်ပါတယ်။ ၁၉၉၀ ခုနှစ်နောက်ပိုင်းမှာ ကုမ္ပဏီကြီးတွေဝင်ရောက်လာပြီး ဆန်စပါးစီမံကိန်းတွေလုပ်ခဲ့တာကြောင့် ဒီရေတောတွေပျက်စီးရတာ ဟာ ၁၉၅၀ ခုနှစ်ကနေပြီးတော့ ၁၉၈၀ ခုနှစ်အတွင်း ပျက်စီးရတာထက် ပိုမြန်ဆန်လာခဲ့ပါတယ်။ ပုံမှန်ဆိုရင် ဒီရေတောတွေ လျော့ကျခဲ့ရတာနဲ့ နောင် ၁၀ နှစ်အတွက် ဖြစ်နိုင်ခြေကို ဖော်ပြထားတာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်များခင်ဗျား။ မြန်မာပြည်ရဲ့ ဒီရေတောတွေဟာ ကီလိုမီတာ ၇၄၀ ရှိတဲ့ ရခိုင်ကမ်းရိုးတန်း၊ ၄၆၀ ကီလိုမီတာရှိတဲ့ ဧရာဝတီမြစ်ဝကျွန်းပေါ်နှင့် ၁၂၀၀ ကီလိုမီတာရှည်တဲ့ မွန်၊ တနင်္သာရီကမ်းရိုးတန်းတွေမှာ ရှိနေကြပါတယ်။ အခုတွေ့မြင်ရတဲ့ ဇယားမှာကလည်း သစ်တော ဌာနရဲ့ ၂၀၁၄ စာရင်းအရ ဒီရေတောလျော့ပါးမှု၊ ၁၉၈၀ တုန်းက ဧက ၁ သန်း ၆ သိန်းကနေပြီးတော့

၂၀၁၀ မှာ ရှစ်သိန်းအထိဖြစ်တာကို တွေ့ရမှာဖြစ်ပါတယ်။ နှစ် ၃၀ အတွင်းမှာ တစ်ဝက်လျော့သွားတာဖြစ်ပါတယ်။ ဒီထဲမှာ ဧရာဝတီမြစ်ဝကျွန်းပေါ်မှာက ၈၆ ရာခိုင်နှုန်းထိဖြစ်ပြီးတော့ ရခိုင်မှာ ၄၆ ရာခိုင်နှုန်းဖြစ်ပါတယ်။ ဒါတွေကတော့ လူဦးရေတိုးပွားလာမှု၊ စိုက်ပျိုးမြေတိုးချဲ့မှုနှင့် နေ့စဉ် အသုံးလိုတဲ့ ထင်းနဲ့ မီးသွေးတို့ကြောင့် ဖြစ်ပါတယ်။ နာဂစ်မုန်တိုင်းကာလမှာဆိုရင် ရာနဲ့ချီတဲ့ ပြည်သူတွေဟာ မိန်းမလှကျွန်းဒီရေတောတွေကြောင့် အသက်ဘေးကလွတ်မြောက်ခဲ့ပါတယ်။ ဒီအဖြစ်အပျက်တွေဟာ ပင်လယ်ကမ်းခြေဂေဟစနစ်ကို ထိန်းသိမ်းခြင်းဟာ သဘာဝဘေးလျော့ပါးသက်သာစေဖို့ အရေးကြီးတယ်ဆိုတာကို မီးမောင်းထိုးပြနေသလို၊ ဒေသခံပြည်သူတွေကို ပတ်ဝန်းကျင်အသိပညာပေးဖို့ လိုအပ်နေတာပေါ်လွင်နေပါတယ်။ တစ်ဖက်မှာလည်း စီးပွားရေးတိုးတက်ဖို့ ကြိုးစားတာနှင့်အမျှ စက်မှုလုပ်ငန်းတွေ၊ အထူးစီးပွားရေးဇုန်တွေ၊ ဆိပ်ကမ်းတွေ၊ အပန်းဖြေစခန်းတွေ၊ အခြေခံအဆောက်အဦတိုးချဲ့တည်ဆောက်လာတာနှင့်အမျှ ဒီရေတောတွေရဲ့ပျက်သုဉ်းမှုဟာ တိုးလို့နေပါတယ်။ ရန်ကုန်နားက ဒီရေတောတွေ၊ ကျောက်ဖြူနားက ဒီရေတောတွေ၊ မော်လမြိုင်-ထားဝယ်ကမ်းခြေက ဒီရေတောတွေအားလုံးဟာ ခြိမ်းခြောက်ခံနေရပါတယ်။ ခန့်မှန်းချက်တွေအရ ဒီတိုင်းသာသွားရင် အရှေ့တောင်အာရှရဲ့ ဒုတိယအကြီးဆုံးဒီရေတောတွေဟာ လာမယ့် ၁၀ စုနှစ်အတွင်းမှာ ပျောက်ကွယ်သွားနိုင်တယ်လို့တောင် ဆိုကြပါတယ်။

ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်များခင်ဗျား။ ဒီရေတောများထိန်းသိမ်းခြင်းနှင့် ပြုစုပျိုးထောင်ခြင်းနှင့် ပတ်သက်တဲ့ အကြံပြုချက်တချို့ကို တင်ပြချင်ပါတယ်။ (၁) ဒီရေတောတွေကို အစုအဖွဲ့ပိုင်သစ်တောအနေနဲ့ အသက်မွေးမှုပုံစံတည်ထောင်ခြင်း၊ ဒီနည်းလမ်းကတော့ ဒီရေတောစိုက်ပျိုးတဲ့လုပ်ငန်းမှာ ဒေသခံတွေလည်း ဝင်ငွေရအောင် ပါဝင်စိုက်ပျိုးစေတဲ့နည်းလမ်းဖြစ်ပါတယ်။ သူတို့ကိုသစ်တောဌာနကနေ ပညာဗဟုသုတနှင့် အရည်အချင်းမြှင့်တင်ပေးနိုင်ပါတယ်။ (၂) ဝန်ကြီးဌာနတွေပေါင်းစည်းညှိနှိုင်းမှုကို မြေအသုံးချမှုမူဝါဒသစ်အောက်မှာ တိုးမြှင့်ပေးခြင်း၊ ရေရှည်လုပ်ငန်းအနေနဲ့ မြေအသုံးချမှုမူဝါဒအသစ်ကို ထိထိမိမိအသုံးချခြင်းအားဖြင့် ဘယ်မြေအမျိုးအစားကို ဘယ်လောက်ထိအသုံးချသလဲဆိုတာ သိရှိပြီး စီမံခန့်ခွဲနိုင်ပါတယ်။ ဒီလုပ်ငန်းကတော့ ဂြိုလ်တုပုံရိပ်တွေ၊ ကောင်းကင်ဓာတ်ပုံတွေတင်မက လက်တွေ့တိုင်းတာမှုတွေပါဝင်ပြီး အချိန်ယူရမယ့်အလုပ်ဖြစ်ပါတယ်။ ဒါတွေကိုတိုးနိုင်ဖို့အတွက် အခု မြေတိုင်းဦးစီးဌာန၊ မြေစာရင်းဌာန စတဲ့ ဝန်ကြီးဌာနအမျိုးမျိုးအောက်မှာကွဲပြားနေတဲ့ဌာနတွေစုပေါင်းတဲ့ အဖွဲ့အစည်းလိုအပ်ပါတယ်။ ဒါမှပဲ ထိန်းသိမ်းရမယ့်မြေဟာ

ဘယ်လောက်ရှိပြီ၊ ဖွံ့ဖြိုးမှုအတွက်မြေဘယ်လောက်ရှိလို့ ဘယ်အဆင့်ထိအသုံးပြုသင့်တယ်ဆိုတာကို ဆုံးဖြတ်ချက်ချနိုင်မှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်များခင်ဗျား။ အချုပ်အားဖြင့်ဆိုရရင် ဒီရေတောတွေပြန်လည်စိုက်ပျိုးဖို့ဆိုတာ နိုင်ငံအတွက် အရေးကြီးတဲ့ကဏ္ဍတစ်ခုဖြစ်ပါတယ်။ တစ်ဖက်ကလည်း နည်းလမ်းတကျစီမံခန့်ခွဲမှုပါဝင်မှသာ စိုက်ပျိုးမှုအတွက် ကုန်ကျစရိတ်နဲ့ အကျိုးရလဒ်မှန်ကန်လိုက်ဖက်ညီမှာဖြစ်ပါတယ်။ ဒေသခံကျေးလက်ပြည်သူတွေကိုယ်တိုင်က စိတ်ပါလက်ပါ ပါဝင်ဆောင်ရွက်မှုနှင့်အတူမှန်ကန်တဲ့မြေအသုံးချမှုဟာ အခုလိုဖွံ့ဖြိုးတိုးတက်ဖို့ အချိန်ယူနေတဲ့အချိန်မှာ စီးပွားရေးလုပ်ငန်းတွေလုပ်ကိုင်နိုင်ဖို့အတွက် သဘာဝပတ်ဝန်းကျင်ကောင်းမွန်ပြီး သဘာဝဘေးတွေကို ကာကွယ်နိုင်ဖို့အတွက် အရေးတကြီးလိုအပ်နေပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အားဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် အလုပ်လုပ်ကြရင်း၊ ဆင်းရဲမွဲတေမှုလျှော့ချဖို့ ကြိုးစားကြရင်း သဘာဝပတ်ဝန်းကျင်ကောင်းမွန်ဖို့၊ ရာသီဥတုပြောင်းလဲမှုဒဏ်ကို ခံနိုင်ဖို့၊ သဘာဝဘေးအန္တရာယ်လျော့ပါးသက်သာစေဖို့နဲ့ ကျွန်တော်တို့ရဲ့ မျိုးဆက်သစ်တွေအတွက် ဒီရေတောတွေကို ထိန်းသိမ်းဖို့၊ ပျိုးထောင်ဖို့လိုနေတာ အင်မတန်မှန်ကန်တဲ့အတွက် ဒေါက်တာဒေါ်ခင်ညိုရဲ့အဆိုကို လေးလေးနက်နက်ထောက်ခံပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဒေါက်တာဒေါ်ခင်ညို၊ ဒေးဒရဲမဲဆန္ဒနယ်က တင်သွင်းသော အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဦးအုန်းဝင်း(ပြည်ထောင်စုဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ် တော်များ၊ လေ့လာသူများ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ဖြစ်ပါတယ်။ အခု ဆွေးနွေးကြတဲ့အဆိုတွေအားလုံးကို ကျွန်တော် ကြည့်တဲ့အခါမှာဆိုလို့ရှိရင်

အင်မတန် ပြည့်စုံပါ တယ်ခင်ဗျား။ အင်မတန်ကို ကောင်းမွန်ပါတယ်။ အချက်အလက်တွေကလည်း ခိုင်လုံပါတယ်။ Power Point များဖြင့် ရှင်းပြတာ အင်မတန်ကောင်းပါတယ်။ အဲဒီတော့ ကျွန်တော့်အနေနဲ့ အခုတင်ပြတဲ့ အကြောင်းအရာတွေကို လွှတ်တော်မှာ ကျွန်တော့်အနေနဲ့ မှတ်တမ်းတင်ပေးပါလို့ ပန်ကြားလိုပါတယ် ခင်ဗျား။ အကယ်၍ အချက်အလက်တွေကို ထပ်မံပြီးရှင်းဖို့လိုမယ်ဆိုရင် ကျွန်တော် ၁၀ မိနစ်ခန့်မျှ ရှင်းခွင့်ပြုလို့ရရင် ကျွန်တော်ရှင်းပြချင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ဝန်ကြီးဌာနက ရှင်းလင်းစရာရှိရင် ရှင်းလင်းနိုင်ပါတယ်။

**ဦးအုန်းဝင်း(ပြည်ထောင်စုဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန)။** ။ ဧရာဝတီတိုင်းဒေသကြီး၊ ဒေးဒရဲမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ခင်ညိုရဲ့ ဧရာဝတီတိုင်းဒေသကြီး၊ ဒေးဒရဲမြို့နယ်အတွင်းမှာရှိတဲ့ ပင်လယ်ကမ်းခြေမှာ ဒီရေတော များဖွံ့စည်းပေးရန်အတွက် ပြည်ထောင်စုအစိုးရအဖွဲ့အား တိုက်တွန်းကြောင်းအဆိုနှင့် ပတ်သက်ပြီး တော့ ကျွန်တော်တို့ ဝန်ကြီးဌာနအောက် သစ်တောဦးစီးဌာနကနေပြီးတော့ ဒီရေတောများကို ထိန်းသိမ်းကာကွယ်ထားရှိမှုနှင့် ဧရာဝတီတိုင်းဒေသကြီး၊ ဒေးဒရဲမြို့နယ် ကျုံဒတ်ကျေးရွာအုပ်စုမှာ ရှိတဲ့ စားကျက်မြေဧရိယာများမှာ ဆက်စပ်ဌာနတွေ ဒေသခံလူထုနှင့် ပူးပေါင်းပြီးတော့ ဆက်လက် ဆောင်ရွက်မယ့်အခြေအနေတွေကို ရှင်းလင်းဖြေကြားမှာဖြစ်ပါတယ် ခင်ဗျား။ ဒီရေတောဂေဟစနစ်ဟာ ခုနက ကိုယ်စားလှယ်တော်ကြီးများ တင်ပြတဲ့အတိုင်းပါပဲ။ ကုန်းတွင်းပိုင်းနှင့် ပင်လယ်ကမ်းရိုးတန်း အကြား ထူးခြားစွာပေါက်ရောက်နေတဲ့ ဂေဟစနစ်တစ်ခု ဖြစ်ပါတယ်။ ဒါ့အပြင် ဒီရေတော ဂေဟစနစ်ဟာ ကမ်းရိုးတန်းဒေသတိုင်းမှာ ပေါက်ရောက်ရှင်သန် နိုင်ခြင်းမရှိဘဲနဲ့ (၁) နေရောင်ခြည် စွမ်းအင်အပြည့်အဝရရှိတဲ့ အပူပိုင်းဒေသ၊ (၂) နုန်းတင်မြေနုရှိတဲ့ ဒေသ၊ (၃) ဒီရေလှိုင်းအတက်အကျ ပြင်းထန်မှုမရှိတဲ့ ကမ်းရိုးတန်းဒေသ၊ (၄) ဆားငန်ရေပေါက် ရောက်တဲ့ဒေသနှင့် (၅) ဒီရေအတက်အကျ ရှိတဲ့ ကျယ်ပြန့်တဲ့ နေရာမျိုးမှာသာ ပေါက်ရောက်နိုင်ပါ တယ်ခင်ဗျား။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးကနေ အဆိုပြုခဲ့တဲ့ ဧရာဝတီတိုင်းဒေသကြီး၊ ဒေးဒရဲ မြို့နယ်ဟာ ကောင်းကင်မြေတိုင်းကနေပြီးတော့ တိုင်းထွာတွက်ချက်မှုအရ ကမ်းရိုးတန်းအရှည် ၂၅ မိုင် မှာ တည်ရှိပါတယ်။ ကျွန်တော့်ကို Power Point ဖြင့် တင်ပြခြင်းကို ခွင့်ပြုပေးပါခင်ဗျား။ အထူးသဖြင့် သံဒိတ်မြစ်ဝနှင့် ဒုံရမ်းမြစ်ဝကြား ကမ်းရိုးတန်းတစ်လျှောက်မှာ ကမ်းတက်မြေတွေဟာ ဒီရေတော၊

ဓနိတော ၃၁၃ ဧက ပေါက်ရောက်နေတာကို တွေ့ရပါတယ်။ နေရာအလိုက် ဓနိဥယျာဉ်ခြံပိုင်ရှင်များလည်းပဲ ရှိပါတယ်ခင်ဗျား။ ကမ်းတက်မြေမှာရှိတဲ့ ဒီရေတောအနည်းငယ်ဟာ သစ်တောနယ်မြေအတွင်းမှာမဟုတ်ဘဲနဲ့ အစိုးရက စီမံခန့်ခွဲပိုင်ခွင့်ရှိတဲ့နယ်မြေအတွင်းမှာ ကျရောက်နေပါတယ်ခင်ဗျား။ အဲဒီနယ်မြေများမှာ ထိန်းသိမ်းကာကွယ်ရန်အတွက်ကတော့ သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းပြီး ကြိုးပြင်ကာကွယ်တောများအဖြစ် ဖွဲ့စည်းပြီးတော့ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောများဖြင့် တည်ထောင်ပေးခြင်းအားဖြင့်တော့ ကျွန်တော်တို့ ဒီရေတောများကို ထိန်းသိမ်းနိုင်ခြင်းဖြစ်ပါကြောင်း အကြံဉာဏ်ပြုအပ်ပါတယ်။

ဧရာဝတီတိုင်းဒေသကြီး၊ ဒေးဒရဲမြို့နယ် ကျုံဒတ်ကျေးရွာအတွင်းမှာရှိတဲ့ စားကျက်မြေဧရိယာ ၂၀၈၄ ဧကကို ဒေသခံပြည်သူများရဲ့ တင်ပြတောင်းဆိုချက်အရ ဒီရေတော၊ ကာကွယ်တောများအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်ပေးရန်အတွက် သစ်တောဦးစီးဌာနအနေနဲ့ ဆက်စပ်ဌာနမှ တာဝန်ရှိသူများနှင့် ပူးပေါင်းပြီးတော့ ၂၀၁၂ ခုနှစ်ကစပြီး ကွင်းဆင်းစစ်ဆေးပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။ စစ်ဆေးတွေ့ရှိချက်အရ ကျုံဒတ်ကျေးရွာပတ်ဝန်းကျင်မှာ ယခင်က စားကျက်မြေဧရိယာ ၂၀၈၄ ဧက ရှိသော်လည်းပဲ ရေမြေတိုက်စားမှု၊ စိုက်ပျိုးမြေနှင့် အခြားမြေအသုံးချမှုများကို ပြောင်းလဲသွားတဲ့အတွက်ကြောင့်မို့လို့ ဒီရေတောတည်ထောင်နိုင်တဲ့ဧရိယာဟာ တကယ်တမ်းတော့ ၃၆.၈ ဧကသာကျန်ကြောင်း တွေ့ရှိရပါတယ်။ အဲဒီ မြေနေရာပေါ်မှာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနကနေပြီးတော့ ဒီရေတောစီမံချက်များရေးဆွဲပြီး စိုက်ခင်းများ တည်ထောင်လျက်ရှိပါတယ်။ ယခုနှစ် ၂၀၁၆-၂၀၁၇ မိုးရာသီမှာ ဒီရေတော ၁၂.၈ ဧကကို စိုက်ပျိုးသွားရန်အတွက် ပြင်ဆင်ထားရှိလျက်ရှိပါတယ်ခင်ဗျား။

ဒါကြောင့်မို့လို့ ဒေးဒရဲမြို့နယ်အတွင်းမှာရှိတဲ့ ဒီရေတောများ ထိန်းသိမ်းကာကွယ်ခြင်း၊ ပြန်လည်ထူထောင်ခြင်းများနှင့် သက်ဆိုင်ရာဌာနများ၊ ဒေသခံပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးမှ တင်ပြထားတဲ့နယ်မြေမှာလည်းပဲ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအနေနဲ့ လက်ရှိစီမံချက်နဲ့ စိုက်ပျိုးနေတဲ့မြေယာများအပြင် အခြားစိုက်ပျိုးရန် မြေနေရာများရှိပါက ဒီရေတောပင်များကိုလည်းကောင်း၊ ဒီရေတောပင်ပေါက်ရောက်လို့ မရတဲ့နေရာတွေမှာဆိုလို့ရှိရင်တော့ ကျွန်တော်တို့ အခြားအဖိုးတန်သစ်ပင်များကိုလည်းကောင်း၊ မုန်တိုင်းဒဏ်ကာကွယ်နိုင်တဲ့ လေကာတန်းများအဖြစ် ဒေသခံပြည်သူများနှင့် ပူးပေါင်းပြီးတော့ စိုက်ပျိုးတည်ထောင်ပေးမှာ ဖြစ်ပါတယ်ခင်ဗျား။ ဒေးဒရဲမြို့နယ်အတွင်းမှာ အသစ်

ပေါ်ထွန်းလျက်ရှိတဲ့ ကမ်းတက်မြေတွေမှာရှိတဲ့ ဒီရေတောအနည်းငယ်ကိုတော့ သက်ဆိုင်ရာဌာနတွေ၊ ဒေသခံပြည်သူအဖွဲ့နဲ့ ပူးပေါင်းပြီးတော့ ကြိုးပြင်ကာကွယ်တောများ အဖြစ်လည်းကောင်း၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင်တောများအဖြစ်လည်းကောင်း ဖွဲ့စည်းတည်ထောင်သွားရန် ကြိုးစားမည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြရင်းနဲ့ ကျွန်တော့်ရဲ့ တင်ပြချက်ကို မှတ်တမ်းတင်ခွင့်ပြုပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုရှင်ရဲ့ သဘောထားပြောပါ။

**ဒေါက်တာဒေါ်ခင်ညို (ဒေးဒရဲမဲဆန္ဒနယ်)**။ ။ အားလုံးပဲမင်္ဂလာပါ။ ဆွေးနွေးကြတဲ့ ကိုယ်စားလှယ် တော်ကြီးများအားလုံးကို အထူးပဲကျေးဇူးတင်ရှိပါတယ်။ လာရောက်ရှင်းလင်းတဲ့ ဝန်ကြီးကိုလည်း ကျေးဇူးတင်ပါတယ်။ အခု ဝန်ကြီးပြောပြသွားတာ ကျုံ့ဒတ်ပဲပါတယ်။ ကျွန်မလိုချင်တာကတော့ ဒေးဒရဲကမ်းရိုးတန်း တစ်ခုလုံးဖြစ်ပါတယ်။ ဝန်ကြီးအခုလောက် လုပ်ပေးတာကိုပဲ ကျေးဇူးတင်ပါတယ်။ အခု နောက်ထပ်လည်း ကြိုးစားနိုင်ရင် ကြိုးစားပေးပါလို့ တိုက်တွန်းလိုပါတယ်။ ဒီကိစ္စကို ကျွန်မ လွှတ်တော်ကနေပြီးတော့ မှတ်တမ်းတင်ပေးဖို့ တောင်းဆိုပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါက်တာဒေါ်ခင်ညို တင်သွင်းသွားတဲ့ အဆိုကို ကိုယ်စားလှယ် ၁၁ ဦးက ဆွေးနွေးပြီး သက်ဆိုင်ရာဝန်ကြီးဌာနကလည်း ရှင်းလင်းပြောကြား သွားပါတယ်။ သက်ဆိုင်ရာဝန်ကြီးဌာနက အဆိုနှင့်ပတ်သက်ပြီး လွှတ်တော်က မှတ်တမ်းတင်ထားရန် ဆွေးနွေးတင်ပြခဲ့သလို အဆိုရှင်ရဲ့သဘောထားကလည်း လွှတ်တော်က မှတ်တမ်းတင်ရန် ဆွေးနွေးခဲ့ ပါတယ်။ ဒါကြောင့် ဒီအဆိုနှင့်စပ်လျဉ်းပြီး လွှတ်တော်က မှတ်တမ်းတင်ရန် သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်၊ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူသူရှိသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဒေါက်တာ ဒေါ်ခင်ညို တင်သွင်းတဲ့အဆိုကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းကို ၃-၆-၂၀၁၆ ရက်နေ့မှာ လက်ခံရရှိခဲ့ပါတယ်။ ကိုယ်စားလှယ်များလေ့လာနိုင်ရန် ဥပဒေကြမ်းမိတ္တူကိုလည်း ဖြန့်ဝေထားပြီးဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြပါတယ်။

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၄၀)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး(၄၁)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၄၀)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၄၁)ရက်မြောက်နေ့ကို ၂၀၁၆ ခုနှစ်၊ ဇွန်လ ၈ ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

အချိန်၊ ၁၁း၄၅။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၄၀)ရက်မြောက်နေ့ကို ၁၁း၄၅ နာရီအချိန်တွင် ရပ်နားပါသည်။]

မူကြမ်း